




အရှင် - ဦးဇမ္ဗုသာမိ ၏ ဆာယာ ရုပ်ပုံ။

# ဗုဒ္ဓဂယာ မဟာဗောဓိ စေတီတော်ကြီးကို မုစလိန္ဒာ အိုင်ဘက်မှ၊ ဖူးမြင်ရသော ပုံတော်



မုစလိန္ဒာ၊ အိုင်နေရာက၊
လှမ်းကာရှုမျှော်၊ စေတီတော်ကို၊
မြင်သော်ကြည်နူး၊ သဒ္ဓါမြူးလျှက်၊
ရည်စူးသန်သန်၊ ဦးဆာယ်တန်ဖြင့်၊
ဖန်ဖန်ရိုကျိုး၊ ကျွန်ရှိခိုးခဲ့။

ရှုသ၍၊ အပင်၊
ထားသ၍၊ မသေခင်၊
စားသ၍၊ မစင်၊
ရှုလဲရှု၊
ထားလဲထား၊
စားလဲစား၊
သို့မှသင့်မည်ပင်။

မဘမနှိုပ် ၂၀၀၀။

# နိဒါနကထာ။

ကျွန်ုပ်တို့သည် ၂၅၀၀-သာသနာအမှီ၊ ဗုဒ္ဓဇယန္တီ
ပွဲတော်ကြီးအတွင်းဝယ် မဇ္ဈိမဒေသ အိန္ဒိယရှိ ဗုဒ္ဓ
မြတ်စွာ သာသနာတော် စတင်ထွန်းပေါ်ခဲ့ရာ (အပ္ပရဇိ)
ရတနာအတိထွန်းလင်းပြောင်၍ အောင်မြေဘူမိနက်သန်
မှန်ပေသော မဟာဗောဓိတည်ရာ ဗုဒ္ဓဂယာ အစရှိသော
ဒေသအရပ်ရပ်သို့ ဖူးမြော်ခဲ့ပေသည်။

ထိုဗုဒ္ဓသာသနရှိ ဗုဒ္ဓ၏ဂုဏ်မဟော ဗုဒ္ဓ၏မြတ်ဓမ္မ
တို့ကို စေတနာဗလဝ သဒ္ဓါရှိ-ဟုန်ကြွကာ သရကာ
အနှစ် ကိုးကွယ်ရာအစစ် ကိုးကွယ်လျက်ရှိကြကုန်သော
ဗုဒ္ဓဘာသာဝင် ရှင်,လူအများတို့အား မိမိတို့ကိုယ်တိုင်
ရောက် ရှိ ဖူး မြင် ရ သည့် အ လား သဒ္ဓါပွားများစေရန်
ဤမည်သော ဂါယာလမ်းညွှန်စာအုပ်ကို ဖြန့်ချိထုတ်ဝေ
လိုက်လေသတည်း။

ဗုဒ္ဓသာသနအထိမ်းအမှတ်, ရှုခင်း, မြင်ခင်း, ဖူးမြော်
ခင်းများတို့ကို ဤစာအုပ်တွင်ရှုစားကြလျက် သဒ္ဓါဓါတ်
ပွားများစေရန် စေတနာစိတ်ကောင်းဖြင့် ပေါ်ပြအပ်ပေ
သတည်း။

(ပုံ) အသျှင်ဦးဓမ္မသာမိ

ရွှေဘုန်းပွင့်တိုက်–ရန်ကုန်မြို့။

စိရံတိဋ္ဌတု၊ သဒ္ဓမ္မော။

# ဂါယာလမ်းညွှန်

ဂါယာလမ်းညွှန် တရားမွန်

များလွန် သိထိုက်စွာ

ဒဿနီယျဋ္ဌာန-သိပြီးမှ

ရှိလှအရသာ

ရသာမွှေ-သောက်ချိုးရ

ကျိုးက ဝေဝေဆာ။

\+ + + +

ဒဿနီယျ-လေးဋ္ဌာနကို ရောက်
ကြမျိုးဆွေ ပါယ်ဝေးလေလိမ့်

၁။ သစ္စာလေးပ ါးကို သိမြင်တော်မူရာ၊
"မဟာဗောဓိပင်"

၂။ ပဉ္စဝဂ္ဂီငါးဦး ဓမ္မစကြာတရားဦးဟောတော်
မူရာ၊ "မိဂဒါဝုန်တော"

၃။ ပဒိုနီဗွာန်ပြုတော်မူရာ ကုသိနာရုံပြည်၊
"မာလ္လာမင်းဥယျာဉ်"

၄။ မိဂ္ဂရူးသန့်စဉ် ဖွားမြင်တော်မူရာ၊
"လုမ္ဗိဏီသာမော အင်ကြင်းတော"

\+ + + +

ဂုဏ်းလေးဌာနသို့ ရောက်ရှိ ဖူးမျှော်ကြရသော သူအပေါင်းတို့သည် အပါယ်လေးဘုံသို့ မကြို မတွေ့ မလားမရောက်နိုင်ဟု ကျမ်းဂန်များတွေ့ရှိသည်။ သဒ္ဓါ တရား ကြည်ကြည်လင်လင်နှင့် ရောက်နိုင်ကြပါစေလို့ ဆုမွန်တောင်းလိုက်ပါသည်။

\+ + + +

## အာသီသရှင် သာကီဝင်တို့ ကြည်လင်လိုလှ ရေးခါသ၏

နန်းသိင်္ဂြွေရည်လူးတဲ့ ဝဇီရာစိန်ရတီဖူးကို ရှုနှိုနှိ တ်မ်ခြည်ကြူးသကဲ့သို့ အလွန်ထူးသော ဉာဏ်ရောင်တော် ကြွှုဖြင့် တလျှပ်လျှပ် တဖျတ်ဖျတ်မြူးကူနှံ့လျက် တည်ရှိ ပါသော ငါတို့၏မြတ်စွာဘုရားသည်။

ကုသိနာရုံ ရဂုန်အင်ကြင်းမလ္လာမင်းတို့ ခင်းကျင်းပြုမွန် ရွှေသလွန်ထက် လျောင်းစက် ဥက္ကောင်း မြောက်သို့ စောင်း၍ ပြန်ပြောင်းမိန့်ဟာ ပရိနိဗ္ဗာန်ပြုပြီးကာလ ခါသ မယမှနောက်ကာလ၌ သာသနာငါးထောင် ထားတော်

မှုခဲ့ရာတွင် ယာချိန်သည်ကား သာသနာ သက္ကရာဇ် (၂၅၀၀)တိတိ တဝက်ပြည့်ပြီဖြစ်ပါ၍ တကမ္ဘာလုံးရှိ ဗုဒ္ဓဘာသာဝင် သူတော်စဉ်အပေါင်းတို့သည် ဘုရားပုထိုးအမျိုးမျိုးနှင့် ကျောင်း, ကံ, ဇရပ်, အထပ်ထပ်သို့ သွားရောက်၍ ပရိတ်မေတ္တာဘာဝနာကမ္မဋ္ဌာန်း အခန်းခန်းတို့ကို စီးဖြန်းပွားများအားထုတ်ခါ စကြာဝဠာတိုက် တသောင်း ရိုက်ခြောင်းကျော်စေမေတ္တာရေသွန်းလောင်းဝေ၍ ဗုဒ္ဓဇယန္တီပွဲကြီး မြိုင့်မြိုင့်ငြိမ်းမှု ကျင်းပပြုလုပ်ကြလေကုန်၏။

ထိုအချိန်ဝယ် ဘုရားသခင်ပွင့်တော်မူရာ မဇ္ဈိမဒေသ မဟာဗောဓိပင်၊ ဂယာသီသ စေတီတော်ကြီးနှင့် ဒသသနိယျ လေးဌာန သို့ ဖူး မျှော် ကန် တော့ ပါ ရန် ရွှေဘုန်းပွင့်တိုက် အသျှင်ဦးဓမ္မသာမိ ဦးစီးခေါင်းဆောင်သော အဖွဲ့သူ အဖွဲ့သားများသည် ရောက်ရှိနေပါ၍ ဖူးတွေ့ခဲ့ရသော ဘုရားပုထိုးတို့နှင့်တကွ လမ်းစဉ်များကို လွယ်ကူစွာသိရှိစေခြင်းအကျိုးငှါ အောက်ပါစာသားနှင့် ငါတို့တပည့်ဒါယကာ ဒါယိကာမအပေါင်း သဟာယ ပါရမီရှင်တွေ သဒ္ဓါသန့်သန့် ကြည်လင်စေရတို့ ကဗျာ ဆန်ဆန် စီရင်ဝေငှလိုက်ပါသည်.......တဲ့။

## သင်၏ကိုလေ ငြိမ်းအေးစေသော် မယ်
## မေ-မောင်မင်း ရှုတ်ဆောင်သွင်းလော့

များလှဗိုလ်လူ၊ ဟိန္ဒဂူတို့၊ အပူမငြိမ်း၊ တရှိမ်း ရှိမ်းနှင့်၊ခပ်သိမ်းဘဝ၊လောင်မီးကျသို့၊ လောဘ, ဒေါသ, မောဟ, ဒိဋ္ဌိ၊ အစရှိသား၊ ဝိစိမီးစာ၊ ဝန်ကြီးစွာတည့်၊ ယုတ်မာညစ်ဆိုး၊ အခိုးမရှိ၊ ထိန်ထိန်ငြိလျက်၊ ဤကိုလေသာ၊ မီးစကြာဖြင့်၊ ပူဆာလွန်ကဲ၊ တရဲရဲသည်၊ လောင်စွဲတချေချေနှင့် သာတမှုံ။ ။

သတ္တဝါအပေါင်း ဆင်းရဲခြင်း၏ အကြောင်းကား ကိလေသာတိမ်တောင် မောဟမှောင်ပိတ်ကာ တကျောမှာ မျက်လုံးမရှိတဲ့ အတွက် သွက်သွက်လယ် တုန်လှုပ်ပြီး ကာယိန္ဒြေ ရာဇိန္ဒြေမှု မစောင့်စီးနိုင်ဘဲ ပျက်ပြားညှင်းဆဲ အသင်းကွဲ၍ ဆင်းရဲကြကုန်၏။

"ကိလေသာဝသေနဝကမ္ဘောန္တောလို" အဋ္ဌကထာမှ ဆိုထားပါတယ် "ကိလေသာနွား၊ ခြံကို ယှဉ်သွားသော် စိတ်နွားလန့်ဖျတ် မတန့်ရပ်သို့" ဆိုသည်ကို ထောက်ချင့်၍ ဖြောက်ပင့်ပေးတဲ့ ပင်ရင်းတရားကို၊ လောဘ,မောဟ,ဒေါသ,ဒိဋ္ဌိ,မာန, ဝိစိကိစ္ဆာ, ထိန,မိဒ္ဓ, အဟိရိက, အနောတ္တပ, ဥဒ္ဓစ္စတရား ဆယ့်တပါးကို

ပါးရှားအောင် (ဝါ) ပြုတ်အောင် မချအားထုဘ်ပါက ဆိုခဲ့ပြီးတဲ့ ဒုက္ခ ဆင်းရဲ(ကင်း)ကြပါလိမ့်မည်။

၁။ သုပိနကူပမာ ကာမာ၊ ကာမာ၊ အလိုရှိအပ်သော ကာမဝေါတ်တို့သည်။ သုပိနကူပမာ၊ အိပ်မက်အသွင်၊ ပမာဆင်ကုန်၏။

၂။ ယာစိတကူပမာ ကာမာ၊ ကာမာ၊ ငါးပါးအာရုံ ကာမဂုဏ် အယုတ်တရားတို့သည်။ ယာစိတကူပမာ တခဏလေး ငှါးချေး၍ သုံးအပ်သော ဥစ္စာနှင့် တူကုန်၏။

၃။ အင်္ဂါရကာသူပမာ ကာမာ၊ ကာမာ၊ သတ္တဝါ ဝေါတ်စား၊ ငါးကာမတို့သည်။ အင်္ဂါရကာသူပမာ၊ မီးကျီးတွင်းအတူ၊ အလွန်ပူပြင်းကုန်၏။

\+ \+ \+ \+

## ပါတ်(စ်)ပုဒ် ရယူမလွယ်ကူလို့ ကြီးသူမစ္စတာ ဖေါ်လံဖါးရ


ကျွန်ုပ်တို့အဖွဲ့သားများသည်(1956)၁၃၁ဂ-ခု မေလ ဂ-ရက်နေ့တွင် မန္တလေးမြို့နှင့် ဘိတ်လိုင်ကျွန်းသို့ဘုရားဖူး သွားရန်အတွက် သုံးလလောက်ကကြိုတင်၍ ပါတ်(စ်) ပုဒ်ရရေးကိစ္စအဝဝကို ပြုလုပ်ကြရပါသည်။ ပဌမဦးစွာ နိုင်ငံခြားရေးရုံးသို့သွား၍ လျှောက်လွှာသုံးရွက် ယူခဲ့ပြီး

လျှောက်လွှာတွင်းပါသည့် စည်းကမ်းချက်များကို စံနစ်တကျထည့်သွင်းရေးပြီး လိုင်စင်ဓါတ်ပုံသုံးချန့်ငှ် ပူးတွဲ၍ ၎င်းရုံးသို့ပင် တင်သွင်းရပါသည်၊ နောက် လဝက်မျှကြာသောအခါ အတွင်းဝန်ရုံး၊ ပုလိပ်ရုံး၊ စီအိုင်ဒီရုံး၊ ပြည်ထဲရေးရုံးများသို့ အမြန်ရအောင်အစစ်ခံရပါသည်။ ၎င်းကိစ္စပြီးမှ စ၍တင်သော နိုင်ငံခြားရေးရုံးသို့ ၅-ကျပ်တန် တံဆိပ်ခေါင်းကပ်၍ ငွေ ၁၀-ကျပ်တိတိ ပေးပြီး ရွေးယူခဲ့ရပါသည်။

မိမိလက်ထဲသို့ ပါတ်(စ်)ပုဒ် ရသောအခါ အိန္ဒိယသံရုံး၊သီဟိုဠ်သံရုံးတို့၌ ဘီဇာများကို ဓါတ်ပုံလေးပုံစီနှင့် ငွေ ၁၀-စီပေး၍ ပြုလုပ်ရပါသည်။ ၎င်းနောက် ပုလိပ်နိုင်ငံခြား မှ တ်ပုံ တင် ရုံးသို့ ဒိဘောင်တောင်းခါ ၎င်းလျှောက်လွှာတည်းတွင်ပါသည့်အတိုင်း ပြည့်စုံစွာရေး၍ ဓါတ်ပုံနှစ်ပုံနှင့် ပူးတွဲတင်သောအခါ ကျ၍လာသော ပုလိပ်လက်မှတ်နှင့်ပါတ်(စ်)ပုဒ်ပြပြီး သင်္ဘောလက်မှတ်များကို ယူရပါသည်။

၎င်းသင်္ဘော (တိကက်)ကိုပြ၍ စတိတ်ကော်မာရှယ်ဘဏ်၌ ငွေစက္ကူ (၁၀၀)တိတိ လဲယူ၍ ယူနိုက်တက်စတိတ်ရုံးမှငွေအကြွေ{၁၇၀}တို့ကို ထုတ်ယူနိုင်ပါသည်။ အိန္ဒိယသို့တင်ပို့ရန်အတွက် ပြည် ထောင်စု ဘဏ် သို့ တဖန် လျှောက်ရပြန်သေးသည်၊ ကျလာ သော ငွေ ကို ဂရင်းလေးဘဏ်မှနေ၍ (ထရပ်) ခေါ် မန်နီအော်ဒါနှင့် တင်ရပါသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာ ဗမာ့ဗုဒ္ဓဘာသာများ
ယုံကြည်လျှက်ရှိကြသော၊
ဗုဒ္ဓဂယာရှိ မဟာဗောဓိပင် ပုံတော်။



များလှမိုလ်ချေ၊ မဇ္ဈိမေသို့၊
ရေ,လေ,ခရီး အနည်းနည်းဖြင့်၊
သွားကြီး သွားကာ၊ ဖူးကြရှာသော်၊
မဟာဗောဓိ၊ ပင်ရုက္ခိကား၊
မြင်သိမျက်ရုံ၊ စစ်စစ်ပုံတည်း။

## ဆိမ်ကမ်းသာမုံ မြို့ရန်ကုန်မှ လေ
## ဟုံလှိုင်းတက် သင်္ဘောထွက်သော်

မေလ (၈) ရက်နေ့ နံနက် (၉) နာရီခွဲ တိတိ တွင် ကျုပ်တို့ စီးနင်းလိုက်ပါသည့် (ဆန်သီရာသင်္ဘောကြီး သည်) တဖြည်းဖြည်း တရွေ့ရွေ့ ကမ်းမှခွာ၍ ထွက်ခွါ သွားလေရာ ရန်ကုန်မြို့၏ကြွက်သရေဆောင် ကမ်းနား လမ်းမှ တိုက်ကြီး တိုက်ငယ် အသွယ်သွယ် အခန်းခန်း ပြုဖွေးသော တိုက်တန်းလျားကြီးများသည် တရွေ့ရွေ့ သွေး၊ သင်္ဘောပြေး၍ ဝေးကွာခဲ့ရာ တိုက်တာတွေ ပျောက်ခါ ပင်လယ်ထဲသို့ ရောက်ပါတော့သည်။

ဪ–ပင်လယ်ဆိုသည့်ကား တယ်လဲကြောက်ဘို့ ကောင်းပါလားနော်လို့ စဉ်းစားရင်း ကြက်သီးတဖျန်း ဖျန်းထပြီး စနက်မီးမကောင်းနိုင်ဘဲ အတင်းသာထိုင်၍ လှဲလိုက်ရပါတော့သည်။

\+ + + +

## ပင်လယ် တိမ်တောင် ငါ့ကိုလျှောင်၍
## ညိုမှောင်သောကေ လွှမ်းစေဝေလျက်

သုံးရက်မြောက်သောနေ့၌ ညဥ့် သန်းခေါင်ယံဝယ် သာယာသောသင်္ဘောဦးသို့ ပြန့်ပျူးသော ကင်းမကော့ အိပ်စင်ပေါ်တွင် ပုတီးနှင့် သက်န်းတရား ကမ္မဋ္ဌာန်းကို နှလုံးသွင်းရင်း မိုးယံကောင်းကင်ကြီးသို့ ဖူးစိုက်ကြည့်ရှု နေစဉ် တိမ်ညို တိမ်ဝါ တိမ်မီးလွှာနှင့် တိမ်ပြာကို

တိမ်ညိုသန်း၍ လွှမ်းချင်စဘွယ် တိမ်ထိုက်ကြီးနယ်ကျယ်ပြီး အသွယ်သွယ်အဝဝတိမ်တိုက်ကြီးတခုက ဆင်လိုလို တိမ်ညိုကြီးတခုက မြင်းအလား၊ ကျား၏အသွင် ဂဠုန်တမျိုး နဂါးတဖုံ တိမ်တိုက်တွေ တပ်ကြီး ဆင်လျက် တိမ်ပင်လယ်လှိုင်းထပုံတို့ကို အာရုံပြုမိပါတော့သည်။

အဲဒီလို တိမ်ညိုတွေဆိုင်းရာမှ မှိုင်းမှုံပြာရီ မိုးစည်တော်တမြိုမ့်မြိုမ့်၊ထစ်သံတွေကတသိမ့်သိမ့်ဖြင့် လိုမ့်ကာလိမ့်ကာ မိုးသက်လေပြင်း ခြိုးသံပြင်းကာ အတင်းသာလျှင် ပဇ္ဇုန်နတ်သား၊ ဝဿာဟက နတ်သားတို့သည် မိုးနတ်ပဇ္ဇုန်အမွှန်တော်သီချင်းဆန်းများကို ကျူးရင့်သီဆို၍ တိမ်တိုက်ကိုနင်းကာ က,ခုန်မြူးထူးကြွလေရာ မိုးသက်လေပြင်းသည် ဒ လ ကြမ်း ရှာ သွန်း ချ လေတော့၏။

အဲသို့ကလို တကိုယ်တော်သွား တအားတော်ငယ် အသွယ်သွယ်အဝဝ မိုးတွေ လေတွေ တိမ်ညိုတွေ (ဆွ)လေတော့ သမုဒ္ဒရာပင်လယ် ရေပြင်ကျယ်မှာ မိမိ၏ တပည့်ဒါယကာ၊ဒါယိကာမအပေါင်းတို့ကို သတိကြွယ်လှ၍ လွမ်းငွေ့စိမ့်အီ ငွေမျက်ရည်တို့သည် ရှတ်တရက် လွှမ်းစပြုကာ မချိသောက စိတ်နွမ်းလျ၍ သွင်းဆဲသော တရားများ ပင် မျက်စေ့လည်ပျောက် လွမ်းငွေ့နှောင့်သဖြင့် လွင့်ပါးရှာရလေတော့သတည်း။

\+ \+ \+ \+

သည်လသကြာ ချိန်ဝသံကို အားသွင်းမလို
တန်ခိုးသို့ခဲ့
တိမ်ညိုမိုးလွှာ တိမ်ရှုကာနှင့် တိမ်ပြာ
ရောရှက် မရန်းဘက်၍
တိမ်သက်တန့်ရောင် အဝါဘောင်ဝယ်
မှောင်တဲ့တခါ ပြာခဲ့တချို့
ညိုခဲ့တလီ ရီခဲ့တမှုံ မှိုခဲ့တချက် ယုဂံထက်က
လေးဘက်လုံးချုံ
တိမ်ဂဠုံ လည်း နဂါးရုံကြွေ့ ရန်ခြင်း
တွေ့သို့ ခလေ့တိမ်ဟန်
ချိန်ဝဿန်မှာ မြိုင်ယံသိမ့်သိမ့် ပဲ့တင်ချိမ့်မျှ
မိုးလှိမ့်နတ်စည်
ရိုက်ကြွေးမည်လျက် ပါတ်လည်ဝန်းကာ
ရွာသွန်းပါသည်
လွှမ်းနာဆင့်ဆင့် ကဲ့ဘို့ကိုး။ ။

\+ \+ \+ \+

ဘုရားမြတ်ပေး တရားဆေးကို
တိုက်ကြွေးမှုဝယ် လွှမ်းစပြယ်၏

ဇာတ်ဒိလို ပါးစပ်မှ မသိမသာ ရေရွတ်ရှာလျက် ဗိဋ္ဋကဇ
ပင်လယ်ကို ဥဒ္ဒမွေဖြယ်လှယ်ပြီးမှ တရားဘက်သို့

ဖျပ်ခနဲဆွဲယူခါ အော်–စိတ်စိတ် တယ်လဲနယ်ချဲ့ပါလား နော် သင်၏အလိုသာငါလိုက်လျှင် မှားလိမ့်မည် မှားလိမ့်မည်၊ လူလောကီဝဋ်နှောင်မှ လွတ်မြောက်အောင်ရှန်းထွက်ခဲ့ပြီးဖြစ်ပါလျက် ဘယ်အတွက်ကြောင့် လွမ်းမှုဆွေးမှု အရေးတခုကို အလေးပြု၍ နေပါသေးသလဲ ဓါတ်ခိုး ဓါတ်ငွေ့ စသော အကြောင်းတို့ကြောင့် ထိုကောင်းကင်ကြီးတခုလုံး ဖုံးအုပ်နေသော တိမ်တိုက်ကြီးသည် ဆင်ရုပ်, မြင်းရုပ်, စသည်တို့၏ပမာ စိတ်ထဲမှ ထင်မြင်ပေါ်ပေါက်၍လာပေသမှု တိမ်အစု တိမ်အခဲမျှသာအမှန် အမာခံ အနှစ်သာရ ဟူ၍ ဘာတခုမှ မရှိဥတုနိယာမ ခယာ၊ ဝယာ၊ ဓမ္မတာသဘာဝမျှသာ အမှန်ဖြစ်ဘိသလို ငါ၏ကိုယ် သူ၏ကိုယ် တပည့်ဒါယကာ ဒါယကာမနှင့် ရေနတ်သူဇာ် လှကညာပြဗ္ဗာတို့၏ကိုယ်ကာယသည်လည်း ဓမ္မတာ သ ဘာ ဝ ကံ, စ သော အ ကြောင်း တ ရား တို့ ကြောင့် ထင် ရှား ဖြစ် ပေါ် ၍ နေကြတဲ့ရုပ်အစု နာမ်အစု ဓါတ်စု ဓါတ်ခဲအမြဲမရှိသော အနတ္တ သဘာဝဓမ္မ တို့ သာ လျှင် မချကော်ဖြစ်ကြပေကုန်၏။ စွဲလမ်း နှစ်သက် စုံ မက် တွယ် တာ လွမ်းစရာဆွေးစရာ အမျက်ဒေါသဖြစ်စရာဟူ၍ ဘာတခုမှမရှိပါကုန်တကား၊ငါ၏ကိုယ်မှ ငါမဟုတ်ခဲ့ပါဘဲလျက် အခြားသောသူများ၏ ခန္ဓာကိုယ်များသည် (ကိပ္ပနဝါခေ) အဘယ်မှာ ဆိုဘွယ်ရာ ရှိပါတော့အံ့နည်း၊ လွမ်းမှုဆွေးမှုကို လက်ခံထားခြင်းသည် မှားလေစွ မှားလေစွဟု

ညည်းညူကာ အောက်ပါတရားဥဒါန်းလေးကို ကြူးရင့်နှစ်သိမ့်လိုက်ရပါသည်။

\+ \+ \+ \+

ခန္ဓာမီးနိုး တိမ်ရုပ်မျိုးလည်း တစိုးတစိ မြဲမရှိဘူး

ဖြစ်မိဖြစ်ရာ ဖြစ်တတ်စွာ၏ ကြမ္မာအလိုက်

အနိုက်တန့်မျှ အဌန့်မကွာ မနည်းကြာရုံ

လိုရာမရ တခဏဖြင့် မဝမျက်မြင်မိုးကောင်းကင်၌

ခုဆင် ခုမြင်း ရွှေ့ရွှေ့ယွင်းလျက် ကြည့်ရင်းမမှန်

ရုပ်သဏ္ဌာန်တို့ ပေါက်ပြန်တုန်ဘိ လေလှိုင်းအိသို့

မိမိအမူ စီမံပြုသည် ငါဟုမမှုစသာတည်း။

လေးရက်နေ့သို့ရောက်သော် ရေ၏အရောင်အဆင်းများသည် နေဘီရောမှ ကြည်၊ ကြည်ရာမှစိမ်း၊ စိမ်းရာမှနက်၊ နက်ရာမှပြာ၊ ပြာရာမှဖြူ၊ ဖြူရာမှဝါ၊ ဝါရာမှနီကြန့်ကြန့်၊ နောက်ကြည့်လာခါ ညို့ညို့ မှိုင်းမှိုင်း၊ မြူလွှင်တွေ

ငွေ့ဆိုင်းလျက်ရှိသော နောက်ခံ (ဘက်ကရောင်း) အတွင်းမှ ရိသိသိပြူဖွေးသောတိုက်အိမ်၊စက်ရုံပြည့်နှက်နေသော သဘောမျိုးစုံတို့ကို လှမ်း၍မြင်ရလေတော့၏။

အဲဒီတော့မှဝမ်းမြောက်ဝမ်းသာ ဘုရားဖူးများစွာတို့သည် ကုန်းပါတ်ဝရံတာသို့ထွက်ကြည့်ကြ ရှုကြပြောဆိုကြသော အသံများဖြင့် ဆူညံကာ ကလကတ္တားမြစ်ချောင်းတွင်းသို့ တဖြည်းဖြည်းဝင်ကာ ကာလကတ္တားသင်္ဘောဆိပ်သို့ကပ်လိုက်ပါ၏၊ အချိန်သည်ကား မေလ (၁၂)ရက်နေ့ညနေ ၆-နာရီခွဲတိတိဖြစ်ပါသည်။

\+ \+ \+ \+

## ရှေးဦး ငါတို့ ကလကတ္တားသို့ ရောက်လို့ဆင်းကာ ဝမ်းပန်းသာကြ။

ကာလကတ္တားသို့ ရှေးဦးစွာရောက်ရှိ၍ သင်္ဘောကြီးသည် ဆိပ်ကမ်းသို့ ကပ်သည် နှင့် တမြို့င်နက်စိန်ဘရားသား တိုက်ပိုင်ရှင်တို့ သတိပေးလိုက် သည် ကိုအမှတ်ရကာ မိမိပစ္စည်းများအထုးဂရုပြု၍ ကြည့်ရှုနေပါသည်၊ ကူလီကုလားများသည် တဖြုံးဖြုံးတဒိုင်းဒိုင်းနှင့် အတင်းတိုးဝှေ၍ တက်လာကြတော့၏။


ကျုပ်တို့ဗမာပြည်သား ဒြေ့သည်တော်များကို ဗမာ့သံရုံးမှ ဒုတိယကောင်စစ်ဝန် ဦးဘဌေးနှင့် ဦးစံထွန်းဦးတို့ ခမ္ဘာလာဇရပ်ကြီးမှရဟန်းတော်များနှင့် ဘုရားဖူး

ရောက်နှင့်ပြီးသော ကြည့်မြင်တိုင် အမျိုးသမီးများတို့ ဆီး၍ကြိုဆိုကာ မော်တော်ကားကြီး ကားငယ်တို့ဖြင့် ဝါတ်မီးရောင် ထိန်ပြောင်လျက် ရှိသော ပြလမ်းကြီးအတိုင်း လာခဲ့ရာ အီဒင်ဟောက်စဝီကာရုတ် ခေါ် ဒဲဒင် ဆေးရုံလမ်းရှိ ဓမ္မ ဆာလာ အသင်း တိုက် သို့ (ဂ)နာရီကျော်လောက်တွင် ချောမောစွာရောက်ရှိပါ၏။

နောက်တနေ့ ပုလိပ်ရုံးကြီးသို့သွား၍ နိုင်ငံခြားသားတို့ ပြုလုပ်ဘွယ်ကိစ္စများကို ပြုလုပ်၍ပြီးသောအခါ ညနေပိုင်းတွင် ကာလကတ္တားမြို့ကြီး၏ ကြက်သရေဆောင် နိုင်ငံတကာမှ လာရောက်ကြသော ဧည့်သည် တိုင်းမသွားမဖြစ်သလောက် ကြီးမားသော မြူစီရန်ပြတိုက်ကြီးသို့ သွား၍ကြည့်ရှုကြပါသည်၊ ၎င်းနောက်နေ့မှာ {ဝိတိုးရီးယား} ဘုရင်မကြီး၏ပြတိုက်သို့ ကြည့်ရှုကြပါသည်၊ ၎င်းတိုက်အတွင်းမှာ အင်္ဂလိပ်ရာဇဝင်နှင့်တကွ ဝါတ်ပုံအမျိုးမျိုး၊ ကျွန်ုပ်တို့ပြည်မှ ရွှေတိဂုံဘုရားပုံတော် မြတ်ကိုပါ ဖူးတွေ့ခဲ့ရပါသည်။


အံ့ဩဘွယ် ကောင်း တာ က တော့ ကျုပ်တို့ပြည်မှာ ဘုရားထုသည့် ကျောက်များထက်ပင် ကောင်းမွန်သော ကျောက်သားကို ဝေလာဘုရင်၊ ဂျော့ဘုရင် ဝိတိုရိယာ ဘုရင်မကြီး၊ မှူးကြီး မတ်ရာ စသည်တို့၏ပုံများကိုရုပ်လုံး ထုကာပြသထားပုံတွေဟာ အလွန်ပင်လက်ရာပြောင်၍ ကောင်းမွန်လှပေ၏၊ နောက်တနေ့ (ဘော်တယ်နီကယ် ဂါဒင်း) ဥယျာဉ်ကြီးကို သွားကြည့်ရာ တ သက် နှင့်

## နေရဉ္ဇရာ မြစ်ကမ်းသာ၌၊ သုဇာတာ၊ ဃနာနို့ဆွမ်း၊ ကပ်လှူနေသော ပုံတော်။



သုဇာတာလှ၊ သူဌေးမသည်၊
မိုးကျပမာ၊ စေတနာဖြင့်၊
ကောင်းစွာနို့မွှန်း၊ ဃနာဆွမ်းကို၊
ရောင်ရွှန်းသိမ်းတန်၊ ရွှေခွက်လျှံအောင်၊
ပူဇော်ဗုဒ္ဓ၊ ကပ်လှူကြသည်။

## ဒုက္ကရစရိယ ကျင့်နေစဉ်
## သိကြားမင်း စောင်းဖြင့် သတိပေးသောပုံတော်၊



ဒုက္ကရစရိယ ကျင့်ကာလ၌၊
မာဃာလုလင်၊ စောင်းတော်ရှင်ဖြင့်၊
ကြည်လင်သံညှင်း၊ တီးခတ်သွင်း၍၊
တင်းလွန်းလျှင်ပြတ်၊ လျှော့လျှင်ပတ်ဟု၊
တောဝပ်ဒိုပ်မြုံ၊ မြင်ရပုံတည်း။

တကိုယ်မမြင်ဘူးသော ပညောင်ပင်ကြီးသည် အလွန် ထူးကဲ၍ အဝန်းအဝိုင်း ပေ (၇၀၀) (၈၀၀) နည်းပါးမျှ ကျယ်ပြန့်လှ၏၊ သို့ပေမဲ့ ပင်စည်လုံးကြီးမရှိ၊ ထွက်နေသောကိုင်းများမှ ညောင်ခြေထောက်ခေါ် နွှာမောင်းများသွက်၍ မြေကိုထောက်နေပုံများသည် ပွားဖြောင့်ဖြိုး မြဲမဏ္ဍာပ်ကြီးပမာ သာယာ ဖွေ့လှ၏။

ကာလကတ္တားမြို့သည် အလွန် ကျယ် သော် လည်း တိုက်တာထူထပ် လူနေကြပ်ပြီး အထူးစည်ကားလှ၏။ ဓါတ်ရထား၊ ဘတ်စ်ကားများ၊ လံခြားများ ပြည့်နှက်၍ မတ်တတ်ရပ်လိုက်ရသူများလှ၏. အမျိုးသမီးများအတွက် ဓါတ်ရထားနှင့်ဘတ်စ်ကားကြီးများတွင် သီးသန့်ခုံများ ပြုထားကာ {လေဒီ}ဟု စာရေးထားပါသည်။

အဲဒီလို ကာလကတ္တားမြို့ရှိ ကြည့်ဘွယ် ရှုဘွယ် အသွယ်သွယ်တို့ကို ၄-ရက်မျှ လှည့်ပတ် ကြည့်ရှုပြီး မဟာဗောဓိ အသင်း တိုက် ၌ ကိန်း ဝပ် လျက် ရှိ သော ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလန် ဓါတ်တော်တို့ကို ဖူးမျှော်ကာ ရေချိုးတာရုံးနှင့် ဂရင်းလေးဘဏ်မှ မိမိ တင်ပို့ထားသော ငွေ (၁၃၀၀ိ)ကို ထုတ်ယူပြီး မေလ (၆)ရက်နေ့ညနေ (၅)နာရီတွင် ဂယာသွားရန် တိုင်စီများဖြင့် (ဟာ၀ရာ) ဘူတာရုံကြီးသို့ သွားကြပါသည်၊ ၎င်း ဘူ တာ ကြီး မှ ည (၈) နာ ရီ တိ တိ အ ချိန် တွင် (ဒိုး အိတ္တ(စ်)ပရက်) ခေါ် မီးရထားကြီးဖြင့် ဂယာသို့

ဘုရားဖူးရန် ထွက်ခဲ့ကြပါသည်၊ လိုက်၍ပို့ကြသော မိတ်ဆွေ တပည့် အပေါင်းတို့သည် မျက်စေ့တဆုံး ကြည့်ရှုကာ ကျန်ရစ်ခဲ့ရှာတော့၏။

+ + + +

## လမ်းညွှန့်မဟာ မြို့ဂယာသို့ သာ ယာကြည်မြ ရောက်လေစွတည်း

မေလ(၇)ရက်နေ့နံနက်(၆)နာရီ(၄၅)မိနစ် ဂယာမြို့သို့ ရောက်ပါ၏၊ ၎င်းဘူတာရုံမှ မြင်းရထား တစီးကို ၄-ကျပ်ခွဲစီပေး၍ (၈) နာရီဗုဒ္ဓဂယာ ဘုန်းတော်ကြီး ဦးဥတ္တမကျောင်းသို့ချောမောစွာရောက်ပါ၏။ ဂယာမြို့မှ ဗုဒ္ဓဂယာသို့လာသောလမ်းတွင် မစာပါ ခေါ် မစာဝါ နေသော (ဂူဂရီ)ရွာ ဦးပကနေသော တောင် တို့ ကို တွေ့ရ၏။ သူတို့ဇာတ်လမ်းကို ခပ်ကြမ်းကြမ်းပြောဆိုခါ ကျုပ်တို့အဖွဲ့သားများသည် တဟားဟား ရယ်မောကြပါသည်။

၎င်းအထဲတွင်ပါလာသော မင်းကတော်တယောက်က ထ၍ ဒိဦးပကလူထွက်ကြီး (အသက်-၈၀)ကျော် ၉၀-နီးခါမှ မဆာဝါရဲ့ အငေါက်အငန်း အဆဲအဆို အမျိုးမျိုးသောဒဏ်ကို ခံဘဲ ခံနိုင် လွန်း တယ် နော် လို့ ကျုပ်တို့ကို စေ့စေ့ကြည့်ကာ စောင်းရိပ်၍ စကားချိပ် လိုက်လေ၏။

ကျုပ်နှင့်အတူ ပါတော်မူသော ရဲဘော် ဘုရားလောင်းများသည် တခွန်းမျှပြန်၍ဟာဘော်မရ ငိုင်လျက်ယိုင်လျက်သာ ပါးစပ် ဟောင်း လောင်း နှင့် နေကြ၏၊ ဒီအခါမှာ မတတ်သာတော့ ဇာတ်ဆရာပင် ဇာတ်ရောင်း မလုပ်ရသကဲ့သို့ ကျုပ်ကိုယ်တိုင်ပင်ထ၍ သက်ကြားအို ကိုဥပကမှာ ဘာ မခံနိုင် စရာ ရှိသလဲ့ သူယူထားသည့် မယားလေးက ကိုယ့်သွီးလေးလောက် ငယ် ငယ် နွှောင်း နွှောင်း မင်းကတော်လောင်းလေးကို ထင်သလိုအဆီကိုစုတ်အသားကိုမွှကျွားလိုဆွဲပြီးနေရ တော့ ဆူဆူဆဲဆဲ၊ ရန်ကုန်ကအမိုးကြီးတွေလိုပေါ့ဗျာ ဒါဟာအဆန်းမဟုတ်ပါဘူးမင်းကတော်ရယ်လို့ ပြန်အုပ်လိုက်ရာ ကျုပ်ရဲဘက်တော် ဘုရားလောင်းများသည် လတ်ခုတ်တီး၍ ရယ်မောကြပါသည်။

ထပ် လောင်း ၍ ရ ဟန်း လူထွက် ကိုဥပကကြီးမှာ အသက်(၆၀)ကျော် ရုပ်ယွင်းရော်သော်လဲ (နာမ်)မှာ မျိုဥ ဆာဝါထက်ပင်နုငယ်သေးသွယ်ခါ ခလေးသဖွယ် ဖြစ်နေတာမို့ သူ့ရဲ့မြည်တွင်ကြိမ်းဝါး ဒဏ်ချက်များကို ခံနိုင်ရည်ရှိပေ၏။ (ရုပ်)တရားကအို (နာမ်)တရားကပျို အော်-ဒါကြောင့်မို့ ဥပကအလုပ်များလှသကိုလို့ ဟောဒီ သံယုတ် ပါဠိတော်နှင့် ကိုက်ညီစွာ ပြောဆိုကြဟန် တူတယ်။

× × × ×

## ရူပံဇီရတိ သတ္တာနံ။
## နာမ မတ္တံ နဇီရတိ။

သတ္တာနံ၊ သတ္တဝါအပေါင်းတို့၏။ ရူပံ၊ ကိုယ်ကောင်ရုပ်တရားစုကြီးသည်။ ဇီရတိ၊ တနေ့တခြား ထင်ထင်ရှားရှားအိုရွှ်သွား၏။ နာမ မတ္တံ၊ နာမ်တရားသည်မူကား။ နဇီရတိ၊ မအိုနိုင်(ဝါ)ကိုဥပကာလို အမျိုးအဖွားတစုတို့သည် ကျိုး,အ,မှုကင်း စိတ်နှုခြင်းရှိကြကုန်၏။

\+ \+ \+ \+

## ဗုဒ္ဓဂါယာ စေတီတော်မဟာကို၊
## လှည့်ကာဖူးမျှော် ရှင်မြူးပျော်၏။

အသောကမင်း၊ ဓမ္မာသောကမင်း၊သီရိဓမ္မာသောကမင်း ဟု သုံးမည်ရ သုံးဘွဲ့ခံသော မင်းတရားကြီးသည် ကျုပ်တို့ ဘုရားပွင့်တော်မူရာ ဗောဓိပင်ခြေရင်းသို့ ကပ်လျက် တည်ထားကိုးကွယ်တော်မူသော ဗုဒ္ဓဂါယာ မဟာဗောဓိစေတီတော်ကြီးသို့ ဆည်း ဆာ ရောင် သန်း ညနေချမ်းချိန်ခါဝယ် သွားရောက်ဖူးမျှော် ကံတော့ကြကုန်၏။

မေလ(၂၄)ရက်၊ ကဆုန်လပြည့်နေ့သို့ ရောက်သော အခါ ကျုပ်တို့ ဗမာအမျိုးသား ၂၀၀-ကျော်၊ ၃၀၀ နီးပါး လူ,ရှင် ရဟန်းများစုရုံး၍ ရဟန်းတော်များက မေတ္တာပို့၊ လူတွေက အိုးစည်အဖွဲ့ ဖြင့် ရန် ကုန် မြို့ မှ အမျိုး သမီး လေး ၃- ယောက် သည် က, ခုန် ကြ ပြီး

စေတီတော်ကြီးသို့ {ပဒက္ခိဏ်}လက်ျာရစ်ခါ လှည့်ပတ်ရာ ဝယ် တကမ္ဘာလုံးရှိ ဗုဒ္ဓဘာသာဝင်ဖြစ်ကြသော ဗမာ၊ ကုလား၊ သီဟိုဠ်၊ တရုပ်၊ ဂျပန်၊ တိဗက်၊ ဂျာမဏီ၊ နီပေါ(လ်) အစရှိသော လူမျိုးတို့သည် ရောယှက်၍ ပါဝင်ဆင်နွှဲကြပါသည်။

၃-ပါတ် လှည့်ကာ မေတ္တာ ပွါး ပြီး သစ္စာတရား တည်မြဲစွာ စောင့်သိရိုသေ မင်းကျင့်တရား (၁၀)ပါးနှင့် အညီ မင်းပြုလုပ်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းကြ ခါ ကျုပ်တို့ရဲ့ကုသိုလ်အဟုန်သည် ကောင်းကင်မြေမိုး ဖြန့်ဖြန့်ကြိုးအောင် စက်ဒိုးပမာလည်ပါစေသားအဓိဋ္ဌာန် ထား၍ မေတ္တာများကို အနုမြူဓါတ်အားဖြင့် ထပ်မနား လွှတ်လိုက်လေသတည်း။

ဤကိစ္စပြီး ဘုရားကြီးနှင့် သတ္တဋ္ဌာန၊ အနိမိသ၊ ရတနစင်္ကြံ၊ မုစလိန္ဒ စသော ခုနှစ်ဋ္ဌာန စိဋ္ဌအောင် ဖူးဘော်မှုပြီး အရှေ့ဘက်သို့ လှမ်းမျှော်ကြည့်လိုက်ရာ မြူ ဖွေး သော နေ ရဥ္စ ရာ အ နော် မာ သောင် ကမ်း ကို မြင်ရတော့ ငါတို့ဘုရားသည် သက်တော်ထင်ရှားရှိစဉ် က သည်နေရာ၌ (သုဇာတာဆို- သူဌေးသမီး ပျိုသည် နတ် သုဒ္ဒါမ က ကောင်းမွန်လှတဲ့ နို့ဃနာဆွမ်းကို တသိန်းတန်သော ရွှေခွက်ဖြင့် ထည့် ၍ ကပ် လှူ သော နေရာပါလား၊ လေးဆယ်ကိုးလုပ် ဘုန်းပေးပြီး ရွှေခွက် ကြီးကို မြော်တဲ့ [illegible] အတိတ်အရေးကို

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်
ကမ္ဘာအေး။
၄၈၄၉

တွေးတွေးပြီး ဖူးလိုလဲတင်းမတိမ်၊ ကြည့်လိုလဲအားမရ မိမိတပည့်များကိုပင် မေ့လျော့ပြီး တမိုမို တလှိုက်လှိုက် ရင်ဝသို့ ဝိတိဆိုက်ခါ အောက်ပါ တေးကဗျာ တရား လေးကို ရွတ်ဆိုရင်း ရေးသားမိတော့၏။

\+ \+ \+ \+

စောဇာနေသခင် ပွင့်ပါတဲ့၊ ပေါ်မိမြေ မလွှင်မြင့်ကိုတော့၊ မြင်သဖြင့်ရယ်တဲ့ ကြည် နူးဘွယ်၊ သတ္တဝါနေ မြတ်လှတယ်ခုနှစ်သွယ် နှင့်၊ မြစ်နေရဉ်နော်မာ သောင်ကမ်းငယ် ကလဲ၊ဖေါ်ကွာသူ မျှော်ကာမှန်းလိုက်လျှင်၊ လွမ်းပါလိမ့်မယ်၊ အာသောကာ ကေရာဇ် ကယ်က၊ ပြောစရာ အရှေ့ဖြစ်အောင်လို၊ မှွေစနစ်ပါတဲ့ စေတီတယ်၊ မြေမဟီကွယ် ပါလို့ အချို့မှာယွင်း၊ ကြံရှိတာ စံညီကာ ပမာယူလို့ သဒ္ဓါသူ ပသန္နငယ်တို့ ပါရမီ အမှန်ရအောင် ဦးချဝပ်စင်း။

\+ \+ \+ \+

သတ္တဝါနေ၊ စံ ကိန်း မျှ ကို။
ဗိသလက်ာ၊ ရွတ်ဘတ်ရာ၏။

ဗောဓိသတ္တ၊ အနိမိသံ၊

ရွှေအိမ်နဂရ ရတနစကြံ၊
ဆိပ်ကျောင်းညောင်နှင့်၊
လင်းလွန်းပလ္လင်ပျံ၊
မုစလိန္ဒ မှတ်ကြသတ္တဋ္ဌာန်။

ဤသည်လျှင် ကျူပ်၏ရည်ရွယ်ချက်သည် အောင်မြင် ပြည့်ဝ၏ဟု ဆိုရပေမည်၊ အကြောင်းကို ဆိုသော် သာသနာ ၂၅၀၀-တိတိပြည့်သောနေ့၌ ဇမ္ဗူဒိတ်ကျွန်း၏ ချက်ရာ မဇ္ဈိမသို့သွား၍ ဘုရားဖူးကာ သတ္တဝါများ မေတ္တာပွါး၍ ပို့သနိုင်ပါစေလို့ အဓိဋ္ဌာန်ချက် ရှိခြင်း ကြောင့်ဖြစ်ပါသည်။

\+ \+ \+ \+

ဂယာမှ ရာဇဂြိုဟ်ကူး၊
ကြည်းနူးရှင်ပြ ရှုတ်ဆိုကြ၏။

အဲဒါလို ဗုဒ္ဓဂယာဘုန်းကြီး ဦးဥတ္တမကျောင်းမှ တည်းခို၍ ဖူးမျှော်ရန် ဘုရား စုံလင်စွာ နှင့် ရဟန်းခံ၊ ဆွမ်းကျွေး၊ အလှူပေးပြီးသော် မေလ (၂၅)ရက်နံနက် ၄-နာရီ တိုင်စီကားလေးကို ၆၅-ပေး၍ ရာဇဂြိုဟ်သို့ ကူးကြပါသည်၊ လမ်းတွင် နေရဉ္ဇရာမြစ်သို့ ဖြတ်ခါ ကူးသော တံတားကြီး၊ တံဘားငယ် အသွယ်သွယ်တို့ကို ကျော်နင်း လာရာ ၄-၅- မိုင် ရောက်သော အခါ ဒုက္ကရစရိယာတောင်တန်းနှင့်ဥတုဝေလ တောတန်းကြီး

ကိုမြင်ရ၍ အောက်တွင် ထည့်သွင်းလိုက်သည့် ၅စ်လုံးအွဲ့ ကဗျာရှိကို သာတကြည့်ရှုတ်ဆိုခါ ဘုရားကိုတမ်းတကြ ပါသည်။

+ + + +

ဥတုဝေလ တော၀မ္ဟိုင်ခွင်။
ခြောက်နှစ်ပါလုံး ကျင့်သုံးအရှင်။
အားကုန်ခံလို့ ညှိုးနွမ်းငြိုငြင်။
ပင်ပန်းရေး ဝင့်ကျွေးဘယ့်ကြောင့်တင်။

ကာဿပဘုရား ထင်ရှားပွင့်သော်။
ဇောတိပါလ နာမအကျော်။
ပုဏ္ဏားမာန်တက် နှုတ်မြွက်အာဘော်။
ဝဇီပြင်း ရှေ့ရင်းဝိဘာက်တော်။


သွား ရင်း တ ရား သွင်း ခါ အာရုံ ပြုသောသူသည် သွားဆဲခရီး၌ ညစ်ငြူးသောစိတ်ကင်းလျက်လိုရာခရီးသို့ အမြန် ရောက်လွယ်၏၊ ပြော ရင်း ပင် နေ ရောင် ခြည် ဖြာထွန်းတဲ့အလင်းရောင်အောက်၌ ညိုမှောင်ရီဝေသော တောင်စွယ် တောင်တန်းကြီးကို လှမ်း၍မြင်ရပါသည်။

+ + + +

**ငါး ဝ က ာ နို ရာ ဇ ဂြိုလ် က ား၊**
**ညို့ညို့ တောင်တန်း ရှုရင်းကျွမ်း၏။**

တဖြေးဖြေး နီး၍နီး၍လာရာ စွန်ပလွန်ပင်၊ထန်းပင် များနှင့် ပင်စောက်နိမ်မြင့် အဆင့်ဆင့် စိမ်းစိုသော

ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်ကြီးကို၊
အဝေးမှ မြင်ရသော ပုံတော်။



အလို......ကြောက်စရာ၊ လန့်စရာ၊
ထိတ်စရာ ကြီးပါလားလို့၊
ကြည့်ရှုသူများ၊ နှုတ်ခမ်းဖျားမှ၊
တွတ်,တွား,ရွတ်ဆို၊ ဤတောင်ညိုကား၊
ဂိဇ္ဈာ၊ ဂိဇ္ဈကုဋ်၊ မဲကျုတ်ကျုတ်တည်း။

ဗာရာဏသီ၊ သိမ်နဒီတွင်၊ ရဟန်းပြုခဲ့သော
၁၀-လမ်းမှ ဦးသန့်-ဒေါ်သန်းသန်း မိသားစုပုံ။



သံသာညွန့်သွာ ဝဋ်စကြာမှ၊
ထွက်ရာမျှော်မှန်း၊ သဒ္ဓါပန်းဖြင့်၊
ရဟန်းပြုရှာ၊ ပြည်ဗာရာဝယ်၊
ကြည်သာပြုံးရွှင် လူကြီးယာင်၍၊
(မျှ)မွန်သိမ့်သိမ့်၊ တုန်ပါးတည်း။

ရာဇဂြိုဟ်နယ်နိမိတ် တောင်ကြားအတွင်းသို့ ဝင်ခဲ့ပါတော့၏။ ရှေးဦးအစ ဂိဇ္ဈကုန့်တောင်သို့ ရောက်ရာ၊ တောင်ခြေရင်း၌ ကားများကို ရပ်ထားပြီး ရေဘူး ရေချိုင့်များကိုဆောင်ကာ တောင်ပေါ်သို့တက်ကြပါသည်။

လမ်းများ ပြုပြင်ထား၍၊ ကျုပ်တို့ ဘုရားဖူးများ မမောမပန်းဘဲ ရွှင်လမ်းစွာရှိကြ၏။ ပဥ္စမ ပိမ္ဗိသာရမင်းကြီး ဝေါတော်ချသောနေရာသို့ ရောက်ရှိပြီး၊ ကြီးမားကြောက်မက်ဘွယ် ကောင်းလှသော နက်ကြောကြောကျောက်ဆိုင် ကျောက်ခဲကျောက်တုံးကြီးများကို တွေ့ရပေ၏၊ ၎င်းနောက် တောင်ထွဋ်များမှတက်၍ မြော်လိုက်ရာ ဝန်းကျင်ပတ်ချာလည့်လျက် ကာ၍နေသော ဣသိဂိလိ ပဏ္ဍဝ ဝေဘူလ ဝေဘာလတောင်ကြီးတို့၏ ညိုမှိုင်းစိုပြေ၊ အထွေထွေ တောင်ခိုး အမျိုးမျိုး တိမ်တောင်တို့ဖြင့် သဘာဝကျကျ နွားခြံလှကဲ့သို့ စာမှာတွေ့ရသည့်အတိုင်း ဒိဋ္ဌမြင်ရ၏ ကြည့်ရင်း ကြည့်ရင်း ဘုရားရှင်နှင့် တကွ ပျက်ပြား(ဘိဇ္ဈန)မြေသို့ခကြရသော မင်းမိဖုရား မှူးမတ်များနှင့် တိုင်းသားပြည်သူ လူရှင်ရဟန်းတို့ကို မြော်ရင်းပင် စဉ်းစားမိ၍၊ လွမ်းသလိုလို ဆွေးသလိုလိုနဲ့ ၎င်းထဲမှာတမိမိ ဖြစ်ပါတော့သည်၊ ဩော်.........ဒိနေရာမှာကြက် ပျံမကျစည်ကားတဲ့ မြို့နေရာကြီးပါတကား ဟု ငြီးငြူမိတော့၏။

၎င်းနောက် ရှင်အာနန္ဒာဂူ ဒေဝဒတ်ဂူ ဘုရားရှင်သီတင်းသုံးတဲ့နေရာ၊ ဒေဝဒတ် ကျောက်မောင်းဆင်၍

ချသောကျောက်တုံးကြီး၊ ဇီဝက၏အနှံ့ပီယာသရက်တော
ဘွမ်းဘုန်းပေးသောကျောက်ဖျာတို့ကို လှည့်ပတ်ကြည့်ရှု
ဖူးမျှော်ပြီး နက်မှောင်မဲကြုတ်သော ပြိတ္တာများနေသော
ကြောက်ခေါင်းကြီးသို့ရောက်၍ ကြည့်ရှုရင်း တစိမ့်စိမ့်
ကြောချမ်းမိပါတော့သည်၊ ဘာကြောင့် ကြောချမ်း
တယ်ဆိုတာကို ငါတို့တပည့်အပေါင်းတို့ သိရအောင်
တိုတိုတုတ်တုတ်နှင့် လိုရင်းအချက်ကိုပေါ် ပြပေအံ့။

+ + + +

## ငါသားဘုရား တိုင်းသားပြည်သူ
## မိုလ်လူအများ မရှုငြားနှင့်

ဤကမ္ဘာမှပြန်၍ရေသော် ကမ္ဘာနှစ်သိန်း ထက် ၌
တိဿဘုရားနှင့် ဖုဿဘုရားနှစ်ဆူပွင့်၏။ အသက်တန်း
ကား တသိန်းရှည်၏၊ ဖုဿဘုရားရဲ့ ဘခမည်းတော်
ဖြစ်သော မဟိန္ဒမင်းကြီးသည် တနေ့သ၌ သားတော်
ဘုရားထံ သွား၍ သို့ကလို လျှောက် ထား ၏။
သားတော်ကြီးဘုရား၊ခမည်းတော်သည် အသက်တော်
ကိုးသောင်းမျှ ကျန်ပါတော့သည်၊ တနေ့ ထက် တနေ့
သေဘက်သို့ နီးလှပါသည်၊ ဘုရားတပည့်တော်တသက်
သားတော်ဘုရားကို မည်သူ၏ အလှူမျှခံတော်မမူပါနဲ့
ဘုရားဟုလျှောက်လျှင်ဘုရားသခင်သည် ဘခမည်းတော်
ကြီး၏ဆန္ဒကိုငဲ့လင့်၍ သီးခံတော်မူ၏။

မင်းကြီးမှတပါး တိုင်းသားပြည်သူ ဗိုလ်လူအများ မည်သူအားမျှ ဘုရားကိုဖူးဒါန်းပူဇော်ခြင်း မပြုကြရဘူး တဲ့၊ တနေ့သော် သားကြီး၊ သားလတ်၊ သားငယ် ၃-ယောက်တို့သည် တိုင်းပြည် မြို့နား ရွာစွန်ဖြားသို့ ထကြွခိုးယူ ရန်သူဘက်သားသူပုန်များကို အောင်မြင်စွာ နှိမ်နင်းနိုင်သည့်အတွက် မဟိန္ဒမင်းကြီးသည် သားတော် တို့လိုရာဆုတောင်းဟု ခွင့်ပြုလေ၏၊ သားတော် ၃-ဦး တို့သည် အခြားဆုကိုမတောင်းကြ၊ နောင်တော်ဘုရား ကိုသာ ကျွေးမွေးလှူဒါန်းပါရစေလို့ ခွင့်တောင်း လေ ရာ မင်း ကြီး သည် ခွင့် မပြု နိုင်ဆို၏၊ တဖန်ထပ်၍ အနှစ် တသောင်း အခွင့်ပြုပါဟု တောင်း၏၊ ဒါလဲ ခွင့်မပြု၊ တသောင်းဆုတ်၍ဆုတ်၍တောင်းရာ နောက်ဆုံး{၃}လ သို့ရောက်မှ မင်းကြီးသည် ဒီတခါ မပေးပါက ငါ့ကို တော် လှန် ကြ တော့ မည် ဟု သိ၍ ညီအစ်ကို ၃-ယောက် (တလ)ကျစီ ဝါတွင်း ၃-လ ခွင့်ပြုလိုက် လေ၏။

ထို အ ခါ သား ညီ နောင် ၃-ယောက် တို့ သည် နောင် တော် ဖုဿဘုရားရှင် ထံ သွား ၍ အ ခြံ အ ရံ တသောင်းနှင့်တကွ ၁၀-ပါး သီလ များ ကို ခံ ယူ ခါ တရားသူကြီး၊ ဘဏ္ဍာစိုး၊ စာရေး စာချီ များ တို့ ကို ရွှေတိုက် ငွေတိုက်အပ်နှင်း၍ ဘုရားရှင်နှင့် နောက်ပါ ရဟန်းတော်ကိုးသောင်း၊ ငါတို့ပါ လိုလောက်အောင်

နေ့စဉ် စိုရင်ချက်ပြုတ်ကြလေဟု ဆိုလေ၏။ ထိုအခါ ဆွမ်း ချက် သ မား ၅စ် သောင်း လေး ထောင် တို့နှင့် လုပ်ကိုင်ကာ လှူဒါန်းပူဇော်ကြ၏။

\+ \+ \+ \+

## ဆွမ်း ဦး စား လစ် ပြိတ္တာ ဖြစ် ၏ ကျိုးပြစ်သိစေ ရှောင်ကြလေလော့

ထိုအခါ ဗုဒ္ဓဘုရား တပည့်ပရိသတ်များ၍ ဆွမ်း ဟင်းလျာမကြွင်း ကျန်သော် အ ချက် သ မား တို့ သည် မစားရ၍ ဇနီးမယား သွီး သား တို့က ဆူပူဆဲဆို ငိုရို မြည်တမ်းကာ ဘခင်တို့ စိတ်မကောင်းအောင် ပြုလုပ် ကြရာ ဘခင်ဖြစ်သူသည် သံယောဇဉ်စနက်မီးကြောင့် စာရိတ္တမထိုင် ခြံ့စား ၍ စိတ် ဝါတ် ပျက် ပြား ကာ ဘခင် သည် နောက် နောက် သော နေ့ များ၌ ဘုရား, တရား, သံဃာများကို မကပ်လှူမိ ဦးစွာယူ၍ မိမိဇနီး သားသွီးတို့ကိုကျွေးမွေးလေ၏။

၅၂ လူ အ ပေါင်း တို့ သည် ယခုဘဝမှ စုတေမနေ သေလွန်ကြသော ညီနောင် ၃-ဦးတို့သည် လူ့နတ်တို့၏ စည်းစိမ်ချမ်းသာကို အကြိမ်ကြိမ်ခံစားပြီး ကျုပ်တို့ ဘု ရား ၅င် လက် ထက် တော် မှာ ဂင်္ဂါမြစ်၏အကွေ့ တကွေ့စိ၌ ရသေ့ငါးရာခြံရံသော ဥရုဝေလကဿပ၊ ရသေ့သုံးရာခြံရံသော နဒီ (ကဿပ)၊ ရ သေ့နှစ်ရာ

ခြံရံသော ဂယာ(ကဿဖ) ဖြစ်၍လာ၏၊ တရားသူကြီးသည် ပိမ္ဗိသာရမင်းကြီးဖြစ်၏၊ ဘဏ္ဍာစိုးသည် ဝိသာခါဥပါသိကာ ဖြစ် ၏၊ ဆွမ်း ချက် သ မား ဆွမ်း ဦး စား ရှစ်သောင်းလေးထောင်တို့သည် ပြိတ္တာတွေဖြစ်ကုန်၏။ ၎င်း တို့ သည် ဖုဿဘုရား လက် ထက် တော် မှ စ ၍ လေးသင်္ချေနှင့်ကမ္ဘာနှစ်သိန်းကာလပတ်လုံး လူးလှိမ့်ကာ ဒုက္ခတိဘုံ၌သာ ကြင်လည်ကြကုန်၏။

\+ \+ \+ \+

## ကကုသံပွင့် ဘဒ္ဒခေတ်ဝယ်၊ လာလစ်လျှောက်ခါ မပြိတ္တာတို့။

ယခု ဘဒ္ဒကမ္ဘာဝယ် ရာဇ ဂြိုဟ် ပြည် ၏ အ နီး တောင်ကြီးငါးလုံး တို့ ၏ အ ကြား ကျောက် ဂူ လိုဏ် ခေါင်း ၌ လွန် စွာ ကြောက် မက် ဘွယ် ကောင်း သော အရိုးစုပြိတ္တာ၊ အသားစုပြိတ္တာ၊ ခေါင်းသေးကိုယ်ကြီး၊ ခေါင်းကြီးကိုယ်သေး၊ အမျိုးမျိုးပုံပန်းတို့ဖြင့် ရှံ့စရာ၊ ထိပ်စရာ၊ လန့်စရာ၊ ပြိတ္တာကြီးတွေ လာ၍ဖြစ်ပြန်၏။ ကကုသံဘုရားပွင့်တော်မူသောအခါ ရှ ရှိုး ကာ လာ၍ အရှင်ဘုရား တပည့်တော်တို့သည် အလွန်ဆာလောင်မွတ်သိပ်လှပါ၏၊ ဘယ်အခါ၊ ဝအောင်စားရပါမလဲ ဘုရားဟု လျှောက်ကြလေသော် သင်တို့ငါ့ကိုမလျှောက်

နှင့် ငါပရိနိဗ္ဗာန် ပြုပြီးသည့်နောက် ဤ မဟာပထဝီ မြေကြီး တယူဇနာမြင့်သောအခါ ဂေါဏာဂုဏ်ဘုရားပွင့် လတ္တံ့၊ ထိုအခါ ချောက်ကြလေဟု မိန့်တော်မူ၏။

ဂေါဏာဂုဏ်ဘုရား ပွင့်လာသော်၊ ထိုနည်း အတူ ချောက်ကြပြန်၏။ ဂေါဏာဂုဏ်ဘုရားကလည်း မြေကြီး တယူဇနာမြင့်သောအခါ ညီတော်ကဿပဘုရား ပွင့်တော်မူလိမ့်မည်၊ ထိုအခါ ချောက်ကြလေဟု မိန့်ပြန် ၏။ ကဿပဘုရားပွင့်ပြန်လည်း ချောက်ကြပြန်ရာ ငါပရိနိဗ္ဗာန်ပြုပြီးသည့်နောက်၊ ဤမဟာပထဝီ မြေကြီး သည် တယူဇနာနှင့်လေးဂါဝုတ်မြင့်တက်လာသောအခါ ငါ၏ညီတော် ဂေါတမဘုရား ပွင့်တော်မူလိမ့်မည်၊ ထိုအခါ သင်တို့ရဲ့တရားသူကြီးသည် ရာဇဂြိုဟ်ပြည်ကြီး ကို စိုးပိုင် အုပ်ချုပ် သော ဗိမ္ဗိသာရ မင်းကြီး ဖြစ်၍ ဘုရားရှင်ကို လှူဒါန်းပူဇော် အမှု ပေးဝေ သော အခါ သင်တို့သည် သာဓုခေါ်နိုင်ကြ၍ အဝတ်ပုဆိုးများနှင့် ပြည့်စုံခါ အစာအဟာရများကို ဝအောင်စားကြရလိမ့် မည်ဟု မိန့်တော်မူသောအခါ၊ အရိုးစုပြိတ္တာ၊ အသားစု ပြိတ္တာ ဆွေညာ ဇနီး သား သမီး တို့ နှင့် ဦး ဦး ဖျားဖျား ချက်ပြုတ်ရင်း စားကြ, သောက်ကြတဲ့ ဆွမ်းချက်ပါတီ များမဒီ ပြိတ္တာမ, ပြိတ္တာဖို, အပေါင်း ရှစ် သောင်း လေးထောင်တို့သည် ဘုရားတဆူနှင့် တဆူ၏အကြားကို ပင် ယနေ့ နက်ဖန် နာရီစက္ကန့်မျှထင်မှတ်ကာ ဝမ်းမြောက်၊

ဝမ်းသာ အိုင်တင်တမျိုး ဒိုင်ပင်ထိုး၍ အမျိုးမျိုး ရွှင်လန်း ရှာကြလေကုန်၏။

+ + + +

ငါ့ကြောင့်နင့်ကြောင့် စိတ်ဇနောင့်နှင့်
ဖနောင့်နှင့်လက်သီး သွက်သွက်တီးကြ။

တနေ့သော အခါ ပြိတ္တာဖိုနှင့် ပြိတ္တာမတို့ သည် နင့်ကြောင့် ငါပြိတ္တာဖြစ်ရတယ်၊ ငါ့ကြောင့် နင်ပြိတ္တာ ဖြစ်ရတယ်ဟု အငြင်းပွါး ရန်ဖြစ်၍ ဖြိုးဖြိုး ဒိုင်းဒိုင်း ရိုက်ပုတ်ဆူညံနေစဉ်–


အနီးအနားတွင်ရှိသော ထိန်ပင် စောင့် နတ် သည် ဖြတ်ကနဲပြေးလာခါ သယ်........ချမှ နင့်ကြောင့်ငါ့ကြောင့် လုပ်နေရသလား၊အစတုန်းကတော့ သဘောတူခိုးစားခဲ့ ကြတယ်မဟုတ်လား၊ အခုလဲ သဘောတူ ကြိတ်မှိတ်ပြီး တိတ်တိတ်ပုန်းခံကြ(ကမြင်းမ)ဟာတွေ ဘာငြင်းနေစရာ ရှိသလဲဟုဆိုကာ သစ်ခက်နှင့် အတင်းလိုက်ရိုက်တော့မှ ပြိတ္တာတို့သည် ကစဥ့်ကရဲ ပြေးကြကုန်၏။

အဲဒါလို မြတ်စွာဘုရား၏ မဟာဝင်၊ ဒီပဝင်၊ ဗုဒ္ဓဝင်၊ ဇိနတ္ထပိ ကာသ်၊ကျမ်းအစောင်စောင်တို့၌လာရှိသည်ကို သာတကြည် စဉ်း စား ရင်း ဂိဇ္ဈကုဋ် တောင် မှ ဆင်း ၍ ပိမ္ဗိသာရမင်းကြီး၏ နန်းတော်ရာ မြို့ရိုး၊ မင်းကြီးကို ထောင်သွင်း အကျဉ်းထားတဲ့နေရာ၊ မင်းကြီး၏ခြေဖဝါး

ကို ဝါးခွဲဆားပက်၍ မီးကင်ခါ ဖိုကျဉ်ထိုးသောနေရာ၊ အဇာတသတ်မင်း ဓါတ်တော်တိုက်၊ ရှင်မဟာကဿပကြီး၏ကျောက်လိုဏ်ဂူ၊ စသောအသီးသီးထင်ရှားသောနေရာတို့ကိုကြည့်ရှုလှည့်လည်ကာဖူးမျှော်ပြီး ဆရာတော်ဦးဇယျန္တ ကျောင်းသို့ ရောက်ပါသည်၊ ၎င်းကျောင်း၌ ပစ္စည်းများကို ကားပေါ်မှအမြန်ချ၍ (၇) မိုင်ဝေးကွာသော နာလန္ဒကျောင်းတော်ရာကြီးသို့ သွားကြပါသည်။


၎င်း ကျောင်း တော် ကြီး သည် ရှင်သာရိပုတ္တရာ၏ မယ်တော် သာရိပုဏ္ဏေးမကြီး ဆောက် လုပ် လှူ ဒါန်း ထား တာ ဖြစ် ၏၊ ကျောင်း ပေါက် ဝ တွင် ရှိ သော လက်မှတ်ရုံလေး၌ လေး ပဲ ပေး ၍ လက် မှတ် ယူ ပြီး မှ ကျောင်းကြီးအတွင်းသို့ ဝင်ခွင့် ပြုပါသည်။ အခ ထဲ သို့ ရောက်သောအခါ ကျောင်းတော်ကြီး၏ အုတ်မြို့ရိုးနံရံထုသည် ငါးပေခွဲရှိ၏။ အခန်းဖွဲ့ထားပုံများလည်း အလွန်ထူး ဆန်း အံ့ ဩ ဘွယ် ကောင်း ၏။ ဘု ရား ရှိ စဉ် က သိတင်းသုံးသောနေရာ၊ သုံးဆောင်တော်မူတဲ့ရေတွင်း၊ ၎င်းရေတွင်းသည် ရေအလွန်ကောင်းမွန်ကြည်လင်လှ၏ ရဟန်းတော်များ သပိတ်ချသည့် သံပိုက်လုံးကြီးသည် ယခုထိခိုင်ခံ့လျက်ရှိသေး၏။ ရှင်သာရိပုတ္တရာမွေးဖွါးရာတိုက်ခန်းနှင့် ရှင်သာရိပုတ္တရာ၏ ဓါတ် တော် စေတီ ကို မြင့်မားလှသောတိုက်ပေါ်၌ တည်ထားပါသည်။ မြေပေါ်သို့ မပေါ်သေးတဲ့ကျောင်းတော်ရာများကို များစွာသော

မိဂဒါဝုန်တော၌၊ မြတ်စွာဘုရားသည်
ပဥ္စဝဂ္ဂီငါးဦးအား၊ ဓမ္မစကြာတရား
ဟောနေသော ပုံတော်။



ဘိက္ခူနံ၊ ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊
မဟာနံ၊ အဿဇိ, ရဟန်းတို့အား၊
နိဗ္ဗာနပါပကံ၊ နိဗ္ဗာန်ကို ရောက်စေတတ်သော၊
ယံဓမ္မစက္ကံ အကြင်ဓမ္မစကြာ ဒေသနာကို
အဒေသယိ ဟောတော်မူပြီ (ဝါ)ဟောသောပုံတည်း။

ကုသိနာရုံပြည်၊ မလ္လာမင်း ဥယျာဉ်၌
ပရိနိဗ္ဗာန်ဝင်စံနေသော ပုံတော်၊



ကုသိနာရုံ၊ အင်ကြင်းစုံ၌၊
လူ့ဘုံဖြတ်သိမ်း၊ ပူဇာတ်သိမ်းမည့်၊
ချုပ်ငြိမ်းမည့်သွင်၊ မြင်ရစဉ်ဝယ်၊
သီးတွင်ပျစ်များ၊ လွှတ်သည်လားသို့၊
စိတ်အားသွေ့ခြောက်၊ မေ့မသောက်တည်း။

အလုပ်သမားတို့ဖြင့် တူးဖော်နေကြပါသည်။ ကျောင်းတော်ကြီးသည် (၁၂) ကျောင်းမျှ စပ်လျက် တည်ထား၍ နေကလည်းပူသောကြောင့် ဆုံးအောင် သွားခြင်းငှါမတတ်နိုင်၊ မျက်စိတဆုံး ကျယ်ဝန်းလှပါသည်။ ရဟန္တာများတရားအားထုတ်ရန်အတွက် ဆင်သံ မြင်းသံ, ရထားသံ, ခြေသံများ မကြားရအောင် ထူထဲသောအုတ်ရိုးဖြင့် လိုဏ်ဂူများပြုလုပ်ထားပါသည်။ ဘုရားရှင်နှင့်တကွ ပရိနိဗ္ဗာန်ကြွမြန်းတော်မူကြတဲ့ ရဟန္တာအရှင်ကို အထင်အရှား တွေးထင်မိပါ၏၊ ကျောင်းကြီး အရှေ့ တမိုင် ကျော် လောက် တွင် ၎င်းကျောင်းတော်ထဲမှ တူးဖော်၍ရသော ပစ္စည်းမျိုးစုံ တို့ကို ပြသထားသော (မြူစရန်)ခေါ် ပြတိုက်ကြီးကို ကြည့်ရှုပြီးပြန်ခဲ့ကြပါသည်။

\+ \+ \+ \+

ရောက်သင့်ဖူးဘွယ် အသွယ်သွယ်တို့၊
ဘယ်မှာရှိသေး စဉ်းစားတွေးလျက်။

ကျန်ရှိသေးသော အဇာတသတ်မင်း နန်းတော်ရာ၊ နွားတို့ဘေးမဲ့ပေးရာ၊ ဂေါဋ္ဌလာ ခေါ် နွားစားကျက်ကွင်း၊ ဝေဠုဝန်ကျောင်းတော်ရာ၊ ရေပူ,ရေအေးကန် တို့ကို လှည့်ပတ်ကြည့်ရှုပါသည်။ ရေပူကန် ဆိုသည်မှာ ရေတွင်း, ရေကန် တို့ကဲ့သို့မဟုတ်ဘဲ တောင်ခါးပန်း ကျောက်ပြွန်မှ ကျ၍လာပါသည်၊ ရုတ်တရက်ချိုးလိုက်

ပါက အထိပင်မခံနိုင်လောက်အောင် အပူဒီဂရီများ
ပေ၏၊ ချိုးစရှိ၍ (သားဗစ်)ရင့်သွားသော် အလွန်ချိုး၍
ကောင်းပါသည်။မိန်းမချိုးရန် ယောကျ်ားချိုးရန် နှစ်ကန်
ရှိပေ၏။ မိန်းမချိုးသောကန်၌ ယောကျ်ားများ မချိုးရ၊
ယောကျ်ားချိုးသောကန်၌ မိန်း မ များ ချိုးရပါ သည်။
တံတွေးမထွေးရ၊ ဆပ်ပြာမတိုက်ရ-ဟု စာကပ်ထားပါ
သည်။ ရေ ချိုး သူ တို့ သည် တ နေ့ မ ပြတ် စည်ကား
များပြားလှ၏၊ ၆-မိုင်၊ ၁၀-မိုင်၊ ၁၅-မိုင်ခရီးမျှ ဝေးကွာ
သောအရပ်မှ လာကြပါသည်၊ ဘာကြောင့် လာသလဲ
ဆိုသော် ၎င်းရေကိုချိုးပါက (၉၆) ပါးသောရောဂါ
ကင်းပ, လိုတိုင်းရ၍ စန္ဒ-လ-ပမာ ချစ်ပန်းလွှာတို့ နေပုံ
ထူးတင့် ကြည်နူးပွင့်ပြီးတဲ့အပြင် ဒိဋ္ဌဓမ္မပျောက်ကင်းကြ
သူများစွာရှိ၏။ ဒါကြောင့်မို့ စာရေးသူပင် ၃-ရက်တိတိ
ချိုးခဲ့ပါတော့သည်။ ၎င်းကန်သည် ဝေဘူလတောင်မှာ
ရှိ၏၊ ၎င်းအထက်သို့တက်သွားရာ ရှင်မဟာကဿပဂူကို
တွေ့ရ၏၊ တောင်ထိပ်၌ ပဌမ သင်္ဂါယနာ တင် သော
သတ္တပဏ္ဏလိုဏ်ဂူဘောင်ကြီးကိုတွေ့ရပါသည်၊ကျွန်ုပ်သည်
လိုဏ်ဝမှာ အပန်းဖြေအနားယူရင်း မိမိတို့ရောက်သင့်
ရောက် ထိုက်၊ ဖူးသင့် ဖူးထိုက်တဲ့ ကိစ္စ တွေ ပြီး ဆုံး ၍
ရာဇဂြိုဟ်ပြည်၏ အကြောင်းအရာ လွမ်းကဗျာလေးကို
ဤနေရာမှ မရေး မနေနိုင်၍ ရေးခဲ့မိတော့သည်။

ရာဇဂြိုဟ်မြို့သာစွ၊ ညို့ကာပတောင်ရံ၊
မို့ပါလှဝေဘာရံ၊ ဝေပုလ္လံတမျိုး၊ ဣသိဂိရိ
သူတတန်၊ ပဏ္ဍဝင်ထူတင့်လို့ဖြိုး။ ဂိဇ္ဈကုဋ်
တောင်သေလံ၊ နေဟန်မှာမရိုး၊ အခြေခံ
သူတမျိုးမှာဖြင့်၊ နည်းနှစ်မျိုး တွေ လာ၊
တောင် ငါး ဝ အ လယ် မှာ၊ ပြည်ရာဇာ မြို့
ဟောင်းမို့၊ မင်းထီးဆောင်း၊ ဗိမ္ဗိသာနန်း
စိုက်ခဲ့ပါ၊ ဓါတ်တော်တိုက် စေတီသာငယ်၊
ဘွေသီကလျှာ၊ ဖူးသင့်လှလေး။

\+ \+ \+ \+

တောင်ညိုငါးလုံး အမည်ဖုံး၍၊
စိကုံးသိစေ ဖွင့်ထုတ်ပေအံ့။

\+ \+ \+ \+

ဝေဘူတောင်မင်း၊ နောင်ရင်းဝေဘာ။
ဣသိဂိရိ၊ မည်ရှိတဖြာ။
ပဏ္ဍာနှင့်၊ ဂိဇ္ဈကုဋ်သေလာ။
တောင်ငါးဝိုင်းခ၊ ဇရာဂြိုဟ်မှာ။

\+ \+ \+ \+

ရာ ဇ ဂြိုဟ် မှ ဗာ ရာ ဏ သီ၊
ထွက်ခဲ့ပါပေ၊ ရှင်ကြည်ကြည်။

မေလ (၂၉)ရက်နေ့နံနက် ၄-နာရီခွဲ၌ ပလုပ်တုတ်
တုတ်ခေါ် ရထားလေးဖြင့် ဗါရာဏသီပြည်သို့ ဖူးရန်

ထွက်လာခဲ့ရာ ဘတ္တိယာပူရ်မြို့(စတေရှင်)ခေါ် ဘူတာရုံသို့ ၈-နာရီတိတိရောက်ပါ၏၊ ၎င်းဘူတာမှ ၈-နာရီခွဲလာသော ရထားကိုပြောင်း၍စီးကာ ပတ္တနာဘူတာသို့ ၉-နာရီကျော်ကျော်ရောက်၍ ဆင်းပြီးဆွမ်းစားပါသည်၊ ဆွမ်းစား ပြီး ရီး ရှော့ ခေါ် လံ ခြား နှင့် မြို့ တွင်း သို့ ရှောက်လည် ကြည့်ရှုပါသည်၊ အာသောက မင်းကြီး၏ ကျောက်တိုင်၊ ၈-တောင် ရေတွင်းတို့ကို ကြည့်ရှုခါ တနာရီစာပို့မီးရထားဖြင့်ထွက်ခဲ့ရာ ယမုနာ၊ အစိရာဝတီ မဟီ-သရဖူ အစရှိသော မြစ်ကြီးများကို ကူးထားသော တံတားကြီး၊ တံတားငယ်တို့ကိုဖြတ်၍ အမြန်ခုတ်မောင်းလာရာ ၆-နာရီလောက်တွင် အလွန်ရှည်လျားသော ဂင်္ဂါမြစ်ကြီး၏ တံတားကြီးကို ဖြတ်ကျော်သော် ကာသီတိုင်း ခေါ် ကာရှည် ဘူတာသို့ ရောက်ပါ၏၊ ၎င်းဘူတာ၏ရှေ့ဘူတာသည် ဗါရာဏသီ ဘူတာရုံကြီး ဖြစ်ပါသည်။

၎င်းဘူတာသို့ည(၇)နာရီရောက်ရှိ၍တက္ကစီကားကို ၅–၈ ပေး၍ မာ(လိ) ဒိုးယား လမ်း ရှိ ဆရာတော် ဦးစန္ဒိမာ၏ ဓမ္မာဆာလာကျောင်းသို့ သွားကြပါသည်။

+ + + +

## တိုင်းကြီးမဟာ ပြည်မာရာဝယ်၊ ရှောက်ခါကြည့်ကြ လှည့်ပါတ်ကြ၏။

နံနက်မိုးသောက်အလင်းသို့ရောက်သော် ရေမိုးချိုးခါ အစားအစာများ စားသောက်ပြီး [ဗါရာဏာ(စ်)] ခေါ် ဗါရာဏာသိမြို့ထဲသို့ လှည့်လည်ကြပါသည်။ ကျွန်ုပ်တို့ တည်းခိုသော [မ(လ်)ဒီရား]ဓမ္မဆာလာနှင့် တမိုင်ကျော် မျှဝေးကွာသော ခြောက်ပစျား (ဝါ)ကွေ့ကွေ့ကောက် ကောက် မျက်စိလည်လောက်သော ဈေးကြီးသို့ရောက် သောအခါ စီးနင်းလာသော {ရိုးရှော့}ခေါ် လံခြားမှ ဆင်းပြီး ဈေးရုံအတွင်းသို့ဝင်၍ ကြည့်ရှုကြပါသည်။ ဈေးသည် တံကြို တိုက်ကြားဖြစ်၍ လူကြပ်လှ၏၊ အကွေ့အကောက်များ၍ မျက်စိလည်မသွားအောင် အတော်ဂရုစိုက်ရပါသည်။

ကြေးအိုး၊ ကြေးခွက်၊ ကြေး နှင့် ပတ်သက်သော ပစ္စည်းဆိုင်များလှ၏။ ကြေးကိုတော့ အမျိုးမျိုးခြယ်လှယ် ပြုလုပ်ထား၏၊ ရောင်စုံကာလာ ခြယ်သှယ် ပြုပြင် အမွှန်း တင်ကာ အဆန်းတကျယ် ဖန်တည်းထားသောကြောင့် လိုချင်စဘွယ် လှပ,တင့်တယ်ရှိလှ၏။

စိန်ကုလားမ လေဒီခင်တို့အတွက် အကွက်ကျကျ ခင်းကျင်းထားသော ပိုး,ဖဲ, ကတ္တီပါနှင့် များပြားသော ငွေဆာရီ၊ ရွှေဆာရီ၊ ရွှေချည်ထိုး၊ ငွေချည်ထိုး၊ အမျိုးမျိုး သော ဆာရီတို့သည် အရောင်တဖိတ်ဖိတ်ဖြင့် တောက်ပ

လျှက် မြင်သူကညာ လေဒီမြာ,တို့သည် မျက်စိထဲမှာ မခွဲနိုင် မခွါရက်နိုင်သော ရမ္မက်ကြောင့် ဝယ်ယူရန်ဈေး မေးကြည့်တော့ ၅၀၀ိ၊ ၁၀၀၀ိ-များမြောင်သ၍ အနားသို့ ပင်မကပ်နိုင် ရပ်လို့သာမှိုင်ပြီး သရေကျခါ ပြန်ခဲ့ရ သူ တွေ များပေသည်။

တဖန်ချိုးချိုးချွန်ချွန်လက်ကောက်သံ၊တသွင်သွင်နှင့်၊ ရှိုးကြွကြွ ရောင်းနေသော၊ ဖာလ်လက်ကောက် ပလပ်စ တိတ် လက်ကောက်၊ စိန်မြ၊ သဏ္ဍာန်-နီလာအသွင်၊ပုံဆန်း ယဉ်နွဲ့၊ချယ်လယ်ပြု၍ ထားသော၊ လက်ကောက်ဆိုင်ကြီး တို့သည်၊ များစွာ လူမိလှ၍၊ တိုးလို့ပင် မရနိုင်လောက် အောင်ရှိ၏။

ဖာလ်လက်ကောက်ဝယ်ယူသူတို့သည်၊ခွေးချေခုံငယ် တခုစီ ထိုင်ခါ၊ လိုရာ လက်ကောက်များကို၊ ဆိုင်ရှင်က အစန်း ဝတ်ပေး ရပါသည်။ အဲဒါလို၊ တော်မတော်၊ တန်မတန် ချွတ်လို-က်တပ်လိုက်-တတ်လိုက်-ချွတ်လိုက် လုပ်နေရသောကြောင့် ဆိုင်ရှင်များ မအား လပ်ပေ။ လက်ကောက်များလည်း၊ မြင်လျှင်၊ မဝယ်ယူဘဲမနေနိုင် သလောက်၊စိတ်ဓါတ် ဆွဲဆောင်သော ရူပါရုံ၊အဆင်း တို့သည်၊တဖျတ်ဖျတ် မြူးကွန့်နေကြ၏။

ဒီအထဲမှာ-စာရေးသူပင်၊ဘုမသိ ဘမသိနှင့်မြင်တော့ မနေနိုင်၍၊ဖာလ်သက်ကောက်၊တရံဝယ်ခဲ့ပြီး၊တည်းခိုရာ ဓမ္မာသာလာရောက်မှ၊မင်းကတော်တဦးကို ပေးပြစ်ရပါ သည်။သြော်.......အပျို အရွယ် လူငယ်တွေ မဆိုထားဘိ၊

ငါတောင်မှ၊ရောင်ရောင်၊မှားမှား၊ ဖြစ်မိပါလားလို့သူတို့ တိုင်းပြည်ဖြစ်ပုံ၊ ရှုပါရုံပစ္စည်း၊ လူကြိုက်မနည်းပုံတို့ကို အံ့သြမိပါသည်။ ဒီနေရာမှာ ကျူပ်တို့ပြည်သူပြည်သား များသည်။အားကြခါ တဆတိုး၍ ဗမာ့တံခိုးတွေ၊ ကမ္ဘာ မိုးအောင်ပြနိုင်တဲ့၊ ဗမာ့သားကောင်း ရတနာ လူစွမ်း၊ ကောင်း၊ အာဇာနီ ပညာတတ်တွေ၊ ပေါ်ပေါက် ပါစေ ခြင်း အ ကြိုး ငှါ၊ စေ တနာကောင်းဖြင့်၊ ရည်ညွှန်းကာ၊ ထည့်သွင်းလိုက်ပါသည်။

\+ \+ \+ \+

## သာသနာညွှန်လွှာ ဝင်စကြာတဲ့ လွတ်လွဲခွာမှု ဒုလ္လဘပြု၏။

ရန်ကုန်မြို့( ၁၀၁ )လမ်းမှ ဒေါ်သန်းသန်း၏ တကာ ကြီးဦးသန့်သည် (သံသာရတောဘယံရှုက္ခတိတိဘိက္ခု) ဟူ သော ဝ စန ဣ နှင့်၊ အညီ လာဘော အလာဘော ယာသော၊ အယာသော၊နိန္ဒာပသံသနံ၊ သုခံ ဒုက္ခံ၊လောက တွင် တွေ့ထိအပ်သော သောကဓံ ဆင်းရဲ-ဒုက္ခ ပျက်စီး ရတဲ့ အဖြစ် မျိုးတွေ၊ ဒင်းကျမ်း ပြည့်နေသော သံသရာ၊ ဝဋ်ဆင်းရဲမှ။ ကျွတ်လွတ်အောင်၊ ရှုတတ်တဲ့ ဘိက္ခု အဖြစ် (ဝါ) ဒုလ္လဘရဟန်း ပြုလေတော့၏။

ဇင်းဒုလ္လဗပွဲဆင်နွဲရပုံ ဖြစ်မျိုးစုံတို့ကား၊ မော်တော် ဘုတ်တစင်းငှါးပြီး ဂင်္ဂါမြစ်အလယ်၌၊ နဒီသိမ်ပြုလုပ်၍၊ မြန်မာဘုန်းကြီး( ၁၃ )ပါးတို့နှင့် ရဟန်းခံ ကြပါသည်။

လူများလဲ။တကျိုပ်ကျော်ကျော်နှစ်ကျိုပ်နီးပါး၊ပါလာ၍၊ ပျော်ရွှင်ကာ၊သဒ္ဓါတိုး၍၊ အမျိုးမျိုး အကြိမ်ကြိမ်ဝါတ်ပုံ တွေတချိန်ချိန်နှင့် ရိုက်ကျဖြူးကျ၊ထူးလှသော ပဒ္ဓင်းတက် ပွဲကို၊ တကယ်သိ၍၊ လားမပြောတတ်၊ အတောမသတ် သောကုလား ကုလမ၊လူထုကြီးသည့်၊ကမ်းမှ ဝိတန်းရပ်ခါ ကြည့်ရှုနေကြပါ၏။ သူတို့စိတ်ထဲမှာ ဘယ်လိုများ ထင်ကြမလဲနော် ......


ကမ်းပေါ်သို့ ရောက်သောအခါ၊ အချို့က(မချိ{လ်} ပဈား) သို့ငါးဝယ်သွားကြပြီး-အချို့သူများမှာ၊မဂို(လ်) ဘုရင်များဆောက်လုပ်ထားသော(ဂိုလ်ဒင်တမ်ပ{လ်}) ခေါ် ရွှေထန်ဆောင်းကြီး နှင့် တဏ္ဍသိုလ်ကျောင်းများ ကြည့်ရှုခဲ့ပါသည်၊ ကျောင်းသို့ ရောက်သောအခါ၊ အလှူ အမဒေါ်သန်းသန်းတို့၏၊ ဆွမ်းဘောဇဉ်၊ ချိုချဉ်သစ်သီး အလီလီ အဝဝတို့ဖြင့် ဆက်ကပ်သည့်တို့ကို ပြောပြော ဆိုဆို၊ဝမ်းပန်းစိုအောင်၊တပျော်တပါးကြီး စားသောက် ကြပါသည်။

\+ \+ \+ \+

မိဂဒါ လွန်ပျော်မွေ့တယ်လို့၊
ငယ်တွင်အခါ စာမှာတွေ့စဉ်က၊
သွားချင့်ချင်သည်။

မိဘ, နှစ်ပါး နှင့် ကျွန်ုပ် ၏ ဆရာ တော် ကြီးသည့် ဘာသာတရား၊ အရှမြစ်ချကာ။ ပဗ္ဗေစ၊ ကတ ပုည တာ

## လုမ္ဗိနီသာမော အင်ကြင်းတော၌
## ဘုရားလောင်း ဖွားမြင်သောပုံတော်။



ဒေဝဟေ့ကောလိယ နှင့်၊
ကပ္ပိလဝတ်၊ ပြည်သုံးထွန့်လယ်၊
မယ်မယ်မာယာ၊ အင်ရိပ်သာ၌၊
လောင်းလျာ ဖွားမြင်၊ ပုံရိပ်သွင်ကို၊
ရှုစဥ် ကြည့်ခိုက်၊ ဗိုလှိုက်ယှိုက်တည်း။

လုမ္ဗိနီ၊ ဘုရားလောင်းဖွားရာ၊ တိုက်လေးကို
အဝေးမှ ဤသို့ မြင်ရသောပုံတော်။



ငါတို့မြတ်ပင်၊ စောနက်ရှင်သည်၊
တိုင်းလွှင်ကျွာဝေး၊ ဟိမဝန္တာဘေးမှ၊
နီပေ နီပေါ (လ်)၊ လုမ္ဗိနီတောဝယ်၊
ဖွားသောတိုက်ခမ်း၊ ဝေးကလှမ်း၍၊
မျက်မှန်း ရှုဆင်၊ ဤပုံသွင်တည်း။

စက်၊သွယ်သွယ်လယ်မှ၊ ပါယ်မကျ၊ ရှေးကစကားဆိုရိုး များတို့၊ ကျမ်းနှင့် ထောင့်ချင့် ဆုံးမသင့်တဲ့ အရာ၊ ထည့် စွက်၍၊ဆုံးမတဲ့ နေရာမှာတော့ (နိုးတူး)လို့ခေါ် လောက် ပါသည်။

ဒါကြောင့်မို့လဲ၊ဗုဒ္ဓသာသနာတော်ကြီးကို (အစလ) စေတနာသဒ္ဓါတရားဝေဆာပြီး၊ယခုအထိ မတုံမလျှော့သက် ဝင်ရုံကြည်စွာဖြင့်၊ အထက်တန်းမှနေ၍၊ ဖန်ဝါထည့်၊ မြတ်သက်နိုးကို၊ ရှင်လမ်းကာ၊ ဆင်မြန်းပြီး သာသနာပြု လုပ်လျက်ပင်။

ကျွန်ုပ်တို့သည်။နက်ဖြန်နံနက် မိဂဒါဝုန်သို့၊ထွက်မည့် အရေး။တွေး၍နေရာ၊ရှေးအခါက၊ဆရာမိဘ၊ပြောသံနှင့် စာထဲသာလျှင် သုတမျှသာ ကြား ဘူးသော်လည်း ဒီတခါမှ၊ဒီဥ္စဖူးတွေ့ရတော့မည့်ဟု၊ ဝမ်းမြောက်မိသည်။ ဘဝနတ်ထံ ပျံလွန်တော်မူသော၊ ကျုပ်၏ ဆရာတော် ကြီးကို၊အထူးပင်သတိရ၏။ဆရာတော်ကြီးသည်၊ မဇ္ဈိမ ဒေသ၊ ဗောဓိ ပင်၊ ဘုရား ဖူး သွား မည် သွား မည် နှင့်၊ ငွေခရေးမှ၊ရေယွှတ်သလို၊တတွတ်တွတ် အခါခါ မြတ်ဒိ ထ်စိမ့် လှုပါ၍၊ မိန့်ဟာ ပြောကြား ရင်းပင်။ ကိုးဆယ် ခြောက် စစ်သည်တော် တပ်သားတို့၏၊ လက်တွင်းသို့ သက်ဆင်းရပါ၍၊ အလိုဆန္ဒ ပြည့်ဝ၊မသွားရရှာခြင်းကို၊ စိတ်မကောင်း ဖြစ်မိပါသည်။ ဩော်........(စိန္တိတံပိ ဝိနဿတိ)ဆိုတာတယ်မှန်ပါလားနော်။

ဇွန်လ(၄)ရက်နေ့နံနက်(၇)နာရီလောက်မှာ(ရီးရှော)ခေါ် လှည်းများနှင့် (၇)မိုင်မျှဝေးသော မိဂဒါဝုန်တောသို့သွားကြပါသည်။(ရီးရှော)တစီးတကျပ်ပေးရပါသည်လမ်းများသည် သာယာလှပါ၏၊ စိမ်းစိုဝေဆာသောသစ်ပင်ကြီးများသည် တောဆိုသည့်အတိုင်းစည်ကား၍ကြည် နူး ဘွယ် ရာ ဖန်တီးထားသည်ဟု ဆိုရပေမည်။ ရှေးဦးစွာတရုပ်ဘုံကျောင်းတွင်းသို့ဘုရားဖူးကြပါသည်၊ ၎င်းတိုက်နံရံတွင် ဂျပန် ပန်းချီဆရာများ၏ လက်စွမ်းပြထားသော မာရ်နတ်မင်း၏သွီး ၃-ယောက်ဘုရားညှုခန်းပုံဆန်းများကိုတွေ့ရသောအခါ ဟာ........ဟင်........ဟယ်ဟုဖြစ်လောက်အောင် အသံများပင်ထွက်ခါ အံ့ဩမိပါသည်။ ပါးလွှာနိုင်လွန် စတိုင်ချွန်၍ မြှိုင်တွင် တိမ်းခိုမိန်းမကိုယ်တို့သည် ကြည့်လင် ပြတ်သားသောကြောင့်ပင်တည်း။

တဖန် (ဆရာန)ခေါ် မဟာဗောဓိ အသင်းတိုက်သို့ဝင်၍ဖူးပြီး ငါတို့မြတ်ရှင်သည် ဘုရားဖြစ်သည့်၏ ရှေးဦးစွာ လော က တိုက် ဘုံ သိမ့် တုန် ကာ ဟီး စေ တဲ့ဓမ္မစကြာစည်တော်ကြီး တီးတဲ့နေရာ၊ (ဝါ)ပဥ္စဝဂ္ဂီငါးဦးဓမ္မစကြာတရားဦးဟောတော်မူသောနေရာ၌ တည်ထားသောကျောက်စေတီလုံးကြီးကို ဖူးမျှော်ပါသည်။

(ဘိက္ခုနံပဥ္စဝဂ္ဂိနံ ဋ္ဌသိပတနနာမကော။ ပ။ စတုသစ္စံ၊ ပကာသေန္တော၊ လောကနာထောအဒေသယိ) အစရှိသော ဓမ္မစကြာပါဠိအနက်တို့ကို ဆုံးအောင်ရွတ်ဘတ်

မေတ္တာထပ်၍ ဆယ်ဖြာရှိ ကျိုး လက်စုံမိုး ကာ ရှိခိုး ကံတော့ခဲ့ပါသည်၊

ဖူး မျှော် ပြီး သော အခါ နန္ဒိယ သူ ဌေး ကျောင်းတော်ရာ၊ အသောကမင်းကြီး ကျောက်တိုင် တို့ကိုကြည့်ရှုပြီး၍ ဘုန်းတော်ကြီးဦးကိတ္တိမာကျောင်းသို့ သွားကာ နေ့ဆွမ်းများစားကြပါသည်။

\+ \+ \+ \+

## ချိန် ဆီး ဇာ မိလ္လာ ဧ ကာ မှ၊ ညိမ်း ရာ လေး သွား၍ သာ ပင်။

ညနေ ၅-နာရီလောက်တွင် ပြန်ကြတော့မှာမို့ ခေတ္တ တည်းခိုသောကျောင်းမှထွက်ခဲ့ နန္ဒိယကျောင်းတော်ရာ ဘေး၊ ဗေါဓိ ညောင် ပင် လေး အောက် တွင် ထိုင်ခါ မေမွှစကြာဘုရားကြီးကိုအာရုံပြုပြီး ဂုဏ်တော်တထောင် ကျော် ပုတီးစိတ် မေတ္တာပို့ပြန်သည်၊ မြောက်ဘက်သို့ ကြည့်သောအခါ သမင်ငယ်များသည် မြူးထူးပျော်ပါး ပြေးလွှားနေတာမြင်ရ၍ အော်-ဈေးအခါက မိဂဒါဝုန် သမင်ပေါ်တယ် တောကနက်သလေ ဆိုတာဲဟာတ်မှာဘဲ ကိုး-လို့ ကြည့်ရင်းကြည့်ရင်း ဈေးဖြစ်ဟောင်း အောင်မေ့ ကာ ဝေတေတေ ရီတီတီ ဖြစ်ခါ အောက်ပါ ဗိမဗိ လွမ်းတရားလေးကို ကြည့်မကြည့်စဉ်းစားရင်း ပါးစပ်မှ ဖွင့်ဟမိပါတော့၏။

× × × ×

တရားစကြာ ဦးစွာဟောရာမို့၊ ထူပ နာတောပေတဲ့မိဂဒါ၊ ရှုဘွယ်သာရာ၊နန္ဒိယ ကျောင်းမှာ၊ ဟောင်းအို၍သာ၊ ရုပ်ထု ဖြာဖြာတိုက်ဝိဟာများရယ်နှင့်။မြတ်စေတီ ဘုရားရယ်က၊ များထွေလာ သွားလေရာ၊ မှာဖြင့်၊လွန်ကြည်နူး၊အစဉ်ဖူးရန့်ဘို့၊အထူး ချော်၊ တောရပ်မည်ကျော် မျင်တမြော် လမ်းမှာ လွမ်းစိတ်ဓါတ်ပေါ်။

ပတ်ဝင်းကျဉ်သော်၊ ယူလျှော်ဓလေ့ရယ် နဲ့၊ သူတော်တွေ မွေ့စေဘို့၊ ဝေဝေဆာ နေ နေ ရာ မှာ ဖြင့် ကျောင်းသက်ဘန်း၊ အ ကောင်းတွင် ဆန်းသမို့ပြမျိုးစုံ၊ တောမြိုင် ရဂုဏ်၊ ပင်စုံငယ်နှော တယ် မောစိတ် ဓါတ်ကုန်။

လောကတိုက်ဘုံ၊ သိမ့်တုံကာဟီးစေတဲ့၊ ဓမ္မစည်တော်ကြီးကိုလ၊မြည်တီးရာပြည်ကြီး ဗာရာဏာနှင့်၊လွန်မဝေး၊အမှန်အေးစေဘို့ ဘေးတွေကွာအေးနေရာမို့၊ပြိုင်စံရှားနိုင်ငံ ခြားရယ်က များသူငါ၊ မွေ့သိန့်နေရာ မိဂဒါတောမှာ ဇောရှင်လို့သာ။

ဩြဘ်-ငါတို့ဘုရားသည် ( ကမ္ဘသုခလ္လိကာနုရောဂ) (အတ္တကိလမထာနုရောဂ) အယုတ်တရား နှစ်ပါးတို့ကို ငါ၏ချစ်သား ချစ်သမီးများ မပြုလုပ်ကြနှင့်ဟု ဤနေရာမှ နေ၍ ဟောကြား ဆုံးမတော်မူသွားတယ်လို့ အာရုံဧဗာ သောမနဿတို့သည် အတော မသတ်နိုင်အောင် ဖြစ်ပါတော့သည်။

သာ ယာ ကျယ်ပြန့်သော ပန်းဥယျာဉ်နှင့် ရေများ ဖျန်းပက်ထား၍ စိမ်းလန်းစိုပြေသော မြက်ခင်းတို့သည် ဘုရားတံခါင်း ဂူကျောင်းတို့နှင့် အထူးပင်ပနာရလှ၍ ကြည်နူးနှစ်သိမ့်ကာလာခဲ့ရတဲ့ ဆင်းရဲပင်ပမ်း ဒုက္ခတွေ ကို ယူ၍ပစ်လိုက်သလိုဖြစ်ပါတော့သည်၊

ခရီးကလည်းသွားရန်ရှိသေး၊ မသွားလည်းမပြီးသေး၍ သာတကြည့်ထခါလှည့်ပြီး ဂန္ဓကုဋိတိုက်၊ စင်္ကြံလမ်း ဗောဓိပင်၊ မုစလိန္ဒာကန်၊ မြစိယံပြတိုက် စသည်တို့ကို ကြည့်ရှုရင်း ပဉ္စဝဂ္ဂီ ၅-ဦးတို့ ဘုရားကို ဆီး၍ ကြိုသော နေရာ၌ သိရိဓမ္မာသောကမင်းကြီး တည် ထား တော် မူ သော ဘုရားကြီးကိုဖူးမျှော်ကာ မိုးရထားဖြင့်တမျိုး၊ ရိုးရှော့နှင့် တသွယ် ဗါရာဏသီသို့ ပြန်ခဲ့ကြပါသည်။

\+ \+ \+ \+

## ကုသိနာရုံ အင်ကြင်းစုံတဲ့ ရဂုန်ကြွသွား လွမ်းလျှော့ပါး၏။

ကုသိနာရုံ သွားရန် အသွား ဗါရာဏသီမှ ဖွန်လ ၄-ရက်နေ့နံနက်(၈)နာရီမီးရထားဖြင့် ဒေဝရီးယားသို့ ထွက်ခဲ့ပါသည်။ တလမ်းလုံးနေမင်းကနွေးခြင့်၊ လေမင်းကလဲသောက်၊ မြေတလင်းကလဲ ခြောက်ခါနေသောကြောင့် ရေငတ်, ခေါင်းမူး, အကြောင်းမထူးသည့်အတွက်ကြောင့် အိပ်၍လိုက်ခါ ညနေ (၆) နာရီ (ဒေဝရီးယား)သို့ ရောက်ရှိပြီး ဘူတာရုံ၌ ခေတ္တနား၍ ၎င်းဘူတာမှ ပြည့်တော်သာ ကားကြီးဖြင့် (၂၆) မိုင်ဝေးသော (ကုသိနာဂရ) ခေါ် ကုသိနာရုံသို့ (၇)နာရီခွဲတွင် ထွက်ခဲ့ကြပါသည်။

လမ်းကလဲကောင်းကောင်း သစ်ပင်တွေအုပ်ဆောင်းထားတော့ မြင်ရသူဘုရားဖူးတို့သည် အလွန်ကြည်နူးလှပြီး (၁၀၁) လမ်းမှ ဒေါသန်းသန်းနှင့် (၅၃) လမ်းမှ မင်းကတော်ဒေါ်သန်းနွဲ့သည် ဘုရားပင့်၊နတ်ပင့်၊ဖြဟ္မာဆင့်၍ တလမ်းလုံးတရားသံတို့ဖြင့် ကြူးရင့်သီဆိုလိုက်ပါလာရာ (၉)နာရီတိတိ ကုသိနာရုံဆရာတော် ဦးစန္ဒာမုနိကျောင်းသို့ ရောက်ကြပါသည်။

ဖွန်လ (၅)ရက်နေ့နံနက် နီပေါ(လ်) သီလရှင်တို့က ချာပါတီ ပဲဟင်းနှင့် အချိုအချဥ်စုံလင်စွာ ဆက်ကပ်ကြပါသည်။ဘုဥ်းပေးပြီးသော် ကျောင်းတော်တောင်ဘက်

တွင် ကပ်လျက်နေသော ငါတို့ မြတ်ဘုရားကြီးသည် သက်တော်(၈၀)၊ ဝါတော်(၄၅)ဝါသို့ရောက်လပ်သော် ဘုရားကိစ္စ တိုသမ္မတာ စုံလင်စွာဖြင့် ပြည့်ဝခါ လျှော့ပြီး၍ နန်းမြို့နိဗ္ဗာန်သို့ ကြွလှမ်းတော့နေရာ ဂန္ဓကုဋိတိုက်သို့ သွားကြပါသည်။ အတွင်းသို့ ဝင်လိုက်သော် ငါတို့ရဲ့ ရှင်ပင် မြတ်သခင်သည် လက်ျာနံတောင်းဘက်လှည့်ပြီး မြောက် သို့ ဦးခေါင်း ပြု ခါ လျောင်း ၍ နေ သော (၁၈) တောင် အရပ် တော် ရှိ ရုပ် ထု တော် ကြီး ကို ရုတ်တရက်မြင်တွေ့ရသောအခါ ကျွန်ုပ်၏စိတ်များသည် ဘယ်လိုဖြစ်သွားမှန်းမသိ အူအသဲ လှိုက် သ လို ဖြစ် ခါ လိပ်ပြာမှရှိသေးရဲ့လားလို့ပင် ထင်မှတ်မိပါသည်။

အတန်ကြာမျှ ဖူးမျှော် ကံတော့သော အခါမှာလဲ ငွေမျက်ရည်များ ထိန်းသိမ်း၍ပင်မရစုံမက အသံတုတ်၍ ပင်ရှိမခိုးနိုင်လောက်အောင် ဆို့ပိတ်မူးမိုက် တလှိုက် လှိုက်တဖိုဖို စိတ်ညှိုးလျက် ဖြစ်သွားပါတော့သည်။ ၁နာရီ ကျော်ကျော်မျှ ရောဂါမိစီး ဒဏ်ချက်ကြီးလှ၍ ညည်းညူ မိန်းမော ညှိုးငယ်သော ဓာ ကြ လျက် သက်န်းတွေ့ အထပ်ထပ်လွှမ်းခြုံထားသော ဘုရားကြီးကို ဖူးမျှော်ပြီး ရွှေဘုံပိုင်နင်း၊ မလ္လာ မင်း တို့၊ အင် ကြင်း မည် တွင်၊ ပန်းဥယျာဉ်၌၊ ရွှေပြည်အမတံ၊ နေရဗန်သို့၊ ဝင်စံကြွယ်မိန်း၊ ဓာတ်တော်သိမ်း၍၊ ငြိမ်းတော်မူသော၊ ရှင်တော်အမှန်၊ လောကစံကြောင့်၊ ဖေါက်ပြန်မတုန်၊ တာဒိဂုဏ်နှင့်၊ ပြည့်စုံတော်မူသော၊ ကြင်နန်းသာစွ၊ နန်း အ မ တ သို့၊

လှမ်းကြွခိုဝင်၊ ဘုရားရှင်၏၊ အသဗ္ဗိန္ဒ-သဗ္ဗိန္ဒဟု၊ သရိရဓါတ်၊ မွေတော်မြတ်ကို၊ မလ္လာမင်းများ၊ ကိုးကွယ်ရန်ရသောကြောင့်၊ ပရိနိဗ္ဗာန်ပြုသောနေရာတွင် စေတီတော်ကြီး တည်ထားသည်ကို ကျွန်ုပ်တို့ဖူးခဲ့ရပေ၏။


ဘုရားလက်ထက်က အင်ကြင်းပင် ပေါသလောက်ရှနေအခါမှာ ရင်းတိုက်ပင်များ၍ မျောက် ပေါလှ၏။ အရှေ့ တမိုင်ကွာလောက်မှာ တေဇောဓါတ် လောင်ကြွမ်းသောနေရာ၌ သိရိဓမ္မာသောကမင်းကြီး တည်ထားတဲ့ဘုရားပြိုလည်း ကျန်းဖြစ်နေ၏။ ၎င်းအထက်ညောင်ပင်ကြီးပေါ်၌ တရုပ်ဘုန်းတော်ကြီးတပါးရှိသည်၊ မိုးကြီးရွာသွန်းသဖြင့် အမြန်လှည့်၍ပြန်ခဲ့ကာ ရေကြည်ဘော်စေတီလေးကို ဖူးကြပြန်၏။ ၎င်းစေတီ၏ဖြစ်ပုံ၊ စာတည်းမှာမစုံနိုင်သော်သည်း ဝန့်လိုက်ပုံအဖြစ်ဆိုးကို ရှစ်လုံးဘွဲ့သ,၍ ထည့်လိုက်ပေ၏။

× × × ×

ဝိဘက်ရောက်ရေး၊ ကြောက်သွေးတုံဘွယ်၊
ဘုရားသော်လဲ၊ ရှောင်လွှဲမလွယ်၊
တွေ့ကြုံမြဲမို့၊ တစဲလယ်လယ်၊
မလွတ်သေး၊ ဝဋ်ကြွေးခက်လှတယ်။


ဩြော်........ငါတို့ဘုရားတောင်မှကြည့်စမ်း ဝဋ်ကြွေးမကုန်သေးတော့ ဘယ်လိုပင် ရေကြည်တော်ရှာသော်လည်း အကြည်မတွေ့၊ အနောက်သာတွေ့လေသောအခါ

## သာဝတ္ထိပြည် ဇေတဝန်ကျောင်းရှိ
## အာနန္ဒာ ဗောဓိပင် ပုံတော်၊



ဝိရိ–သဒ္ဓါ–ပီတိဖြာလျှက်၊
နန္ဒာဗောဓိ၊ သာဝတ္ထိဝယ်၊
ရောက်ရှိ ဇေတဝန်၊ ကျောင်းတော်တွင်း၌၊
ငါလျှင်ယောကျ်ား၊ ဇာနိမွှားဟု၊
ကြွမ်းဝါးပင်ခြေ၊ ရပ်လျှက်ပေတည်း။

## သိဒ္ဓကုမ္မာမင်းသား နှင့် နှမတော် ယသော်ဓယော လက်ထပ် မင်္ဂလာ ပုံတော်။



သိဒ္ဓကုမ္မာ

မိမ္မာရွှေလျှော်၊ လှယသော်တို့၊
တင့်လျှော်ဝတ်ရည်၊ ပြည့်လျှံကြည်၍၊
သာကီမျိုးမြတ်၊ စုလျှားပတ်သော်၊
လက်ထပ်မင်္ဂလာ၊ မြင်ရသောခါကား၊
နေ, နှင့် လ, ရုံ၊ ရွှေမြပုံတည်း။

ငါ့ရှင် ညီတော်အာနန္ဒာရယ် နောင်ဘုရား ကုသိုလ်နဲ့ ဝန့်ကြွေး၊ နောင်ဘုရားခံသွားပါမည်ဟု ညည်းညူသော မိန့်သံ ဖိတ်လျှံကျ၍ နောက်ကျိ သော ရေ ကို ပင် ဝမ်းတည်းမှ ပူပြင်းလှ၍ သုံးဆောင်တော်မူရလေ၏။

ပြန်ခါနီး ဘုရားကြီးဖူးမျှော်ကံတော့စဉ် ရင်တွင်းမှ ဆူပူတက်ကြွလာသော စိတ္တ ဝေဒနာ လွမ်းရောဂါတို့ သည် တစိမ့်စိမ့်တအိအိတိုး၍သာ ဖိဖိလာသောကြောင့် နောက်ဆုံး မဟန့်တားနိုင်တဲ့အခြေသို့ဆိုက်သဖြင့် ပါးစပ် မှ လျှံထွက်သွားလေ၏။

\+ \+ \+ \+

ကုသိနာပြည်အတွင်းမှာလ၊ထင်လင်းစွာ
အမည်သာတဲ့၊မင်းမလ္လာဦးယျာဉ် စခမ်းမှာ
တန်းသက်ဆုံးကြို။အင်ကြင်းရုံ ပင်ငုံပွင့်ငယ်
တို့၊ မျှော်ချင့်သော်၊ ပျော်ခွင့်ကိုဘယ်မမြင်
ဘူး၊ ဘဝင်ဆူ သုံးထွင်ရှူလှူ နိဗ္ဗူမြန်းကိုကွယ်၊
လွမ်းစိတ်က မှုံ။ အမြိုက်ဓမ္မာ ဒေသနာ
တရားကိုလ မတိုက်တာ မိုက်သကွာ တပါး
ပေထင့်၊စရိုက်အလာ အများပေမို့ခေကံဖုံ၊
ဩော်–အချေခံဘယ်မစုံသမို့ ပူပုံတွေပွါး။
အို (ဒကာ-ဒကာမတို့ရဲ့)ရှင်တော်ကိုမမှီ
ဒါဟာလေ-မသတီစရာ အလွဲပါလား ကံ

လဲမကျ ဥာဏ်နဲ့သူလူမမယ်မို့၊ အပူသယ်တပါး(အမယ်မင်း) အမူအမိုက်မို့မဖူးလိုက်ရလေ သလား...... (တပည့်တော်) အရှင်ဘုရားရဲ့ခြေတော်စုံကို ဦးတိုက်ခဲ့ပါသည်ဘုရား။....... ..................)

\+ \+ \+ \+

ကုသိနာရုံ၊ ပြည်ရဂုံမှ။
သီးအုံလှိုက်လှဲ၊ ငါတို့ရှုံခဲ့။ ။

ဇွန်လ(၆) ရက်တနာရီ၊ ကုသိနာရုံပြည် လုမ္ဗဏီသွားရန် ပြည်တော်သာကားကြီးဖြင့်ထွက်ခဲ့ရာ ပဉ္စမ ကံဒူကမြစ်၊ ထိုနောက် ရွာလေးတွေ ကျော်လွန်ပြီး (၁၃)မိုင်လောက်အကွာမှာ အင်ကြင်းတော၊ ကျွန်းတောကြီး၊ ၎င်းနောက် (ဂေါရဘူ) လေယာဉ်ပျံကွင်း ထိုနောက်ဂေါရခါးစစ်တပ်အနီး ရေကန်ကြီးတွေ့ရပြီး မီးရထားဘူတာသို့ဆိုက်ရောက်ပါသည်။

တို တောင်း သော အချိန်လေးမှာပင် ရိုးရှော ခေါ်လံခြားဖြင့် (ဂေါရဘူ)မြို့ထဲသို့ လှည့်ပတ်ကြည့်ရှုပါ၏၊ ၎င်းဂေါရဘူမြို့သည် ရှေးက [ရှင်သိဝလိ] မွေးဖွါးသောကောလိယပြည်ကြီးဖြစ်ပေ၏။

ည(၈)နာရီ၊ လော်ကယ်မီးရထားဖြင့် နောင်ခါးသို့လာခဲ့ရာ(၁၂)နာရီခွဲမိုးရွာဆဲမှာပင်၊နောင်ခါးသို့ရောက်၍

ဆင်းခါ၊ ဘုတာရုံမှာတချို့မြို့ထဲမှာတည်းခိုသွယ် အမယ်မယ် ဇိမ်ရပါ၏။

အာရုံရောင်နီ ဝင်းကြည့်ထိန်လင်း၊ နံနက်ခင်းသို့ ရောက်လေသော်၊ဆွမ်းကွမ်း၊လဘက်ရည်၊မုန့်အာသာ ပြေလောက်အောင် စားသောက်ပြီး၊( ဒေါ့ချစ် )ကားနှစ်စီးဖြင့်၊လုမ္ဗိဏီသို့ သွားကြရာ(၁၀)နာရီကျော်ကျော်တွင် ရောက်၍၊ကားဆိပ် လဘက်ရည်ဆိုင်မှာ၊ ခေတ္တ အပန်း ဖြေကြပြီး၊မယ်တော်မာယာ၊ဘုရားလောင်းကို၊ မီးရှူးသန့် စဉ် ဖွားမြင်တော်မူရာ တိုက်လေးကို ကြည့်ရှုပါသည်။

အတွင်းမှာ ကျောက်ဖြင့် ထုလုပ်ထားသော မယ်တော်မာယာ၊ မိထွေးတော် ဂေါတမီ၊ ဘုရားလောင်း သိဒ္ဓတ္ထကုမ္မာ ရုပ်ပုံသွာများကို တွေ့မြင်ရ၏။ရင်းလှိုင်ထဲမှာ ဆွဲလဲတလုံးရှိ၏၊ လာရောက်ကြသူတိုင်း တချွင်ချွင် မြည် အောင် တီးခတ်ကြ၏။

ဝင်းတိုက်ဘေး၌၊ ကျောက်ရေကန်ရှိ၏၊ ရင်းကံသည် အညစ်အကြေး ကင်းစဉ်ဝေးရန်၊ ရှိသန်၍အကျိုးများရန် ခိုးသိကြားဖန်ဆင်းထားသော ကန်ဟူ၏။

ဖွားပြီးကာစ ခုနှစ်လှမ်းကြွ၍.......

**အဂ္ဂေါဟမသ္မိလောကဿ၊**

**ဇေဋ္ဌောဟမသ္မိလောကဿ၊**

**သေဋ္ဌောဟမသ္မိလောကဿ။**

ဟု.....သုံးခွန်းသော စကားဖြင့် ကြိမ်းဝါးတော် မူသော

နေရာ၌၊ ပေလေးဆယ်မျှမြင့်သော ကျောက်တိုင်နှစ်တိုင် သီရိဓမ္မာသောကမင်းကြီး စိုက်ထားတာရှိ၏။ ၎င်းလုမ္ဗိဏီတောမှာ၊ ဖိုခနောက်ဆိုင် တည့်ရှိသော၊ ဒေဝဒဟာ၊ ကောသီယ ကပ္ပိလဝတ်၊ သုံးပြည်တို့၏ အလယ်ဗဟို(လ်) တိတိဖြစ်ပါသည်။

အလွန်ဝေးကွာသော နီပေါ(လ်) နယ်ထဲမှာဖြစ်ပါ၍ သွားရာတိုက်ပေါ်မှ လှမ်းမျှော်ကြည့်သော်၊ သုပ္ပဗုဒ္ဓမင်း မိဘုရားတို့ စံမြန်းတော်မူရာ ဒေဝဒဟာပြည်နှင့်၊ သုဒ္ဓေါဓနမင်းကြီး စံရာကပ္ပိလဝတ် ရွှေပြည်တော်ကြီးကို တညို့ညို့ မြင်ရသည့်၊ နောက်မှာ၊ တမိုးမိုးမြင့်မားသော ဟိမဝန္တာ တောင်စဉ် တောတန်းကြီး တွေ့ရတော့ လွမ်းရိပ် လွမ်းရောင်၊ တဖေါင်ဖေါင် လှိမ်းဆင်းလေ၍ ကြိတ်မှိတ်ခါ၊ မမျိုသိပ်နိုင်ဘဲ၊ အဆုံးမှာ၊ အနှုံးမပါရစ်အောင်ဖွင့်ဆောင်လို့ပြန်ခဲ့ပါသည်။

+ + + +

လုမ္ဗိဏီ၊ စုံအညီ၊ ပင်တွေနှောလို့၊ ကြည်
မောရ၏၊ သဒ္ဒါပေါ်၊ မြူးစိတ်ဝါတ်ပျော်၊
အလောင်တော်၊ ချိန်လျှော်လို့ မြင်ဖွါး၊
သိကြားဗြဟ္မာနှင့်၊ မယ်မာယာ၊ မိထွေး
တော်တို့၊ ရုပ်ထုတော်၊ ပြုကာထားတယ်၊
ထူးလှမြောက်များ။

အနီးအနား၌ နီပေါ(လ်)ဘုရင် ဆောက်လုပ်ထားသော တိုက်ကျောင်းနှင့် ဇရပ် အင်ကြင်းတောတို့ လှည့်လည်ကြည့်ရှု၍၊ ညနေ လေးနာရီ နောင်ခါးသို့ ပြန်ခဲ့ပါသည်။

\+ \+ \+ \+

## လုမ္ဗိဏီ မြတ်စခန်း ကြွလှမ်း၍ ပြန်ခဲ့ပြီ တိုင်းသာဝတ္ထိ။

၎င်းည ( ၁၂ ) နာရီခွဲ မီးရထားဖြင့် နောင်ခါးမှ သာဝတ္ထိသို့ထွက်ခဲ့၏၊ ဇွန်လ(၇)ရက်နေ့ နံနက်(၄)နာရီခွဲ သာဝတ္ထိမြို့သစ်၊ (ဗာလံဘူ) စတေရှင်းသို့ ရောက်၍ မြင်းလှည်းဖြင့်၊ တမိုင် ဝေးကွာသော၊ မြန်မာ ဘုန်းကြီး ဦးအာစရကျောင်းသို့ တည်းခို၍ ဆွမ်းစားပြီးသောအခါ လော်လီ ဘတ်(စ်)ကားဖြင့် သာဝတ္ထိမြို့ဟောင်းသို့သွား ကြသည်၊ ပဌမတိတ္ထိတို့ကိုတန်ခိုးပြပြီးသော် နတ်ပြည်သို့ ကြွတော်မူသော သရက်ပြုကုန်းတွေ့ရ၏။ နောက် ဒေဝဒတ် မြေမြိုသောနေရာ၊ စိဉ္စမာန မြေမြိုသော နေရာ တွေ့ရပြီး၊ ဒေါ်ဒွေး ဇရပ်သို့ရောက်၍ ဆင်ကြပါသည်။

\+ \+ \+ \+

## သာဝတ္ထိမှန် ဇေတဝန်ဟု ကျော်လွှန် ဂုဏ်ဟိတ် တသိမ့်သိမ့်တည်း။ ။

ကားပေါ်မှဆင်း၍၊ ဒေါ်ဒွေးဇရပ်ခြံကို ဖြတ်ပြီး လယ်တကွက်မျှဝေးသောတံတားကိုကျော်၍အဆုံးမှာ

ဇေတဝန်ကျောင်းတော်ရာ ပါတ်လည်ဝိုင်းကြီး ဖြစ်ပါသည်။ ၎င်းကျောင်းဝိုင်းကြီး အတွင်း၌ ကောသမ္ဗီကုဋီကျောင်း၊ သာမညာ ရဟန္တာ ဓါတုစေတီ၊ ပုတိဂတ္တ ရဟန္တာ ဓါတုစေတီ၊ ရဟန္တာများ သုံးဆောင်သော ရှစ်ဒေါင့်ရေတွင်းကြီး၊ အာနန္ဒာဗောဓိပင်၊ ၎င်းဗောဓိပင် ခြေရင်း၌ ကျုပ်တို့သည်၊ ဓါတ်ပုံ အထပ်ထပ် ရိုက်ခဲ့၏။ ဤစာအုပ်ထဲတွင်ဖေါ်ပြထားသောပုံသည်၊သာဝတ္ထိပြည် ဇေတဝန်ကျောင်းတွင်းရှိ အာနန္ဒာ ဗောဓိပင် ဖြစ်၏။ ၎င်းနောက် အင်္ဂုလိမာလ၊ဓါတုစေတီ၊ အသူရိန်နတ်ကြီး ချွတ်ရာပလ္လင်၊ မြတ်စွာဘုရား သီတင်းသုံးသောဂန္ဓကုဋိ တိုက်ကျောင်း၊ အာသာတ ကုဋီကျောင်း၊ ကရေဝိ ကုဋီကျောင်း တို့ကို အစဉ်အတိုင်း တွေ့မြင် ဖူးခဲ့ရပါသည်။သင်တပည့်အပေါင်းတို့လည်း၊မိမိဖူးတွေ့ရသလို၊ ထင်အောင် မြင်အောင်၊ ဤစာအုပ်ကို အထပ်ထပ်ရှု ကြည့်ပါကုန်။

အတွင်းကိစ္စ ဆယ်ဌာနကို၊ .ဖူး၍ဝသော် ပြင်ပ၌ရှိ သေးသောနေရာများကိုလှည့်ပါတ်ကြပါသည်။ တံခိုးဗျာ ဒိုဟာပြရာ သရက်ပြုပင်ရင်း ဓါတုစေတီ၊ ဒေဝဒတ်မြေ မြိုရာ ရေကန်၊ စိဉ္စမာနမြေမြိုသော နေရာ၊ ပသေနဒီ ကောသလမင်း နန်းတော်ရာ၊ ဝိသာခါ ဆောက်လုပ် သော ပုဗ္ဗါရုံ ကျောင်းတော်ရာ၊ ၎င်းကျောင်းတော်ရာ သည် ယခုခါ၌၊ အစိရာဝတီ မြစ်ထဲသို့ပါနေပါ၏။ ၎င်း နောက် စဂ္ဂြေပါလနေသော တောအုပ်၊ ရဟန္တာများ

တရားအားထုတ်သောအန္တဝနတောၤပဥ္စာစာရိသားငယ် စွန်၍၊ သားကြီးရေမျော၍ သောကမီးလုံး၊ တဟုန်းဟုန်း လောင်ကျွမ်းသော ချောင်းလေးသို့ ရောက်ကြ၏ၤ

ဂုဏ်းမပဥ္စာချောင်းသို့ရောက်သောအခါ အဖွဲ့သားများ က မပဥ္စာ၏ဇာတ်ကြောင်း ပြန်ပြောင်း၍ ဟောပါဒုံးဟု လျှောက်သောအခါ၊ အောက်တွင်ဖော်ပြသည့် အဝိုင်း ဟော၍ ပြလိုက်ပါသည်။

\+ \+ \+ \+

ဗျာပါဆူလူး-ချာချာရှူးတဲ့၊
ကံထူးရှေ့ပါ မပဥ္စာ၏။ ။

မပဥ္စာနှင့် ကိုဒါသတို့ ဟောဒိသာဝတ္ထုမြို့ရှိ မိဘများ ထံ ပြန်အလာမှာ(လင်)ကိုဒါသ မွေ့ဟောက်ပေါက်သတ် ၍ မပဥ္စာတို့ သားအမိသုံးယောက် ဤချောင်းသို့ ရောက် သောအခါ၊ တညလုံး ရွာတဲ့ မိုးကြီးကြောင့် ဒိုးဒိုးအသံ ဟီးဟီးညံ့အောင် တွန်းလှန် ဆွဲမျောက် သစ်မျက်မှိုက်ရော နိုက်သရောပါ၊ ကျက်လောဆူ နောက်ပြီး တဟုန်းဘည်း စီးဆင်းလျက်နေသော ဒီချောင်းလေးကို မပဥ္စာသည် သားအကြီး ကမ်းပေါ်၌ ထားခဲ့၍ သားငယ်ကို ချီပြီး ကူးပါသည်ၤ

\+ \+ \+ \+

တဒါဝိဇာတဒုက္ခေန ၊အနာထာကင်္ကောဟံ၊
ကုန္တဒိံ ပူရိတံဒိသွာ၊ ဂစ္ဆန္တိံ သကုလာလယံ။

တဒါ၊ ထိုခင်ပွန်း သေပျောက် သားနှစ်ယောက်နှင့် လျှောက်ခါ လျှောက်ခါ သွားကြသောအခါ၌။ ဝိဇာတဒုက္ခေန၊မိုး,ရေ,လေ,ကြမ်း,ခရီးလမ်းဖြင့် ပင်ပန်း နွမ်းလျှ ဖွားမြင်ခဲ့ရသော ဒုက္ခဖြင့်။အနာထာ၊မှိုင်းမကြည့်ရှု ဆေးဝါးကု၍ ပြုစုမစ ကိုးကွယ်ရာ မရသော။ ကပဏာ၊ မျက်နှာ နွမ်းညှိုး သွေးမျိုးမနီး မြိုင်တောကြီးတွင် ခရီးမလှ တယောက်တည်း လာခဲ့ရသော။ အဟံ၊ ဒုက္ခဝန်ဝိုဘား မလွတ်သေး၍ အရေးကြုံလာ ငါပဋာသည်။ပူရိတံ၊ တောင်ခြေတောရင်း ရေဟုန်ဆင်း လျက် မြစ် တွင်း တလျောက် လျှံပြည့်မောက်သည်ဖြစ်၍၊ သကုလာလယံ၊ နှစ်ဘက်ကမ်းညီ တင်းကြမ်းချီကာ မမြိုယ်မ်းယိုင် မထိန်းနိုင်အောင်။ ဂစ္ဆန္တိံ၊ သရောဒိုက်ပေါင် ရိုက်ရိုက်ထောင်မျှ တိုက်ဆောင်တွင်းရှား တဟုန်တည်း စီး သွား သော။ ကုန္တဒိံ၊ ဂင်္ဂါကတွက် အဆင့်ဆက်သည့် လက်တက်နှာခေါင်း ယခု ကျုပ်တို့ ရောက်နေ ကြ တဲ့ မြစ် ငယ်ချောင်းကို။ ဒိသွာအဒသံ၊ မောပန်းဘို့ရေး ဖြေးကံမှေး၍ ရန်ဘေးရှုခံ မြင်တွေ့ပြန်၏။

ဟိုဘက်ကမ်းရောက်သောအခါ သားငယ်ကိုထားခဲ့ပြီး၊ သားကြီး ပြန်အခေါ်၊ ရေလည် သို့ ရောက်သော်၊ သားငယ်စွန်ချီ၊သားကြီးရေလွှင့်၊သေပွဲဝင်သောကြောင့်၊

## အလောင်းတော် တောထွက်လာစဉ် မာန်နတ် တားနေသော ပုံတော်။



သက်လျှာရွှေသွေး၊ ရာဟုလေးနှင့်၊
မြရေး ယသော်၊ ကြာခြည် မျှော်၍၊
ဖွားပေါ် ခဏ္ဍက၊ မောင်ဖုံလှဖြင့်၊
ထွက်ကြလေရာ၊ မာန်ယုတ်မာသည်၊
လက်ဝါးဖြန့်ကာ၊ ရှေ့က-ကာတည်း။

ဗိတ်နောက်နောက်နှင့် ဆက်လက်၍ ရှောက်သွားသော်၊ သာဝတ္ထိ မြို့မှ လာ သော ခရီး သွား ယောကျ်ား နှင့် တွေ့သောအခါ၊ မင်း၏မိဘနှစ်ပါးနှင့် မောင်လေးသည် ကမ္ဘာလေမင်း၊ မြင့်မိုရ်ကိုခွင်းတာလို၊ အပြင်းတိုက်ဆွဲ လို့မို့၊ ခြေရင်းကလဲတာနှင့်၊ သုံးယောက်တဲ့ညက်ညက် ကျေ၊တိုက်ပိလို့သေရှာလေပြီ၊ဆွေညာမျိုးများ၊ အုတ်ချပ် ကိုပယ်ရှားပြီး၊ သုံးယောက်သားအလောင်းကို၊ တလား ခေါင်း ဖွေပြုသသဒ်နှင့်၊ လျှောက်ပတ်အောင်ပြုပြင်လို့မို့၊ တစပြင်သုသာန်မှာ၊ တရုံးတည်း ထင်းကိုပုံစု၍၊ အဘာလဲ ရှို့ခဲ့ရတယ်၊ တညို့ညို့မိုး၊ ကောင်းကင်ကို ထိုးနေတဲ့၊ ဟောဟိုက မီးခိုးပါဘဲ၊ ငါ့သွီးရယ်လို့၊ ပြောကြားလိုက် တဲ့အခါ မပဋာမှာ မေ့၍လဲသွားလေသည်။

\+ \+ \+ \+

နိဝတ္တာဉက္ကုသောဟာသိ၊ တရုဏံဝိလဂ္ဂန္တကံ။
ဇာတရူပ္ဆဝဟ်သောတော၊ သာဟံသောက၊ သမံပိတာ။
သာဝတ္ထိနဂရံဂတ္ဘာ၊ အသောသာသိ၊ ဆ ဇာနေမတော။

နိဝတ္တာ၊ ဟစ်ခါဟစ်ခါ တစာစာနှင့်ပစ်ချပါကြောင်း ခါခါ မောင်းပါ သော်လည်း။ ဝိလဂ္ဂန္တကံ၊ တဆူဆူညံ ကြူကြူသံနှင့် ကျောက်ကန်ပင်ပန်း ငိုမြည်တန်းလှသော။ တရုဏံ၊ ယနေ့ညပင်မျက်နှာမြင်တဲ့ နိုလွယ်နုနယ် ခလေး ငယ်ကို။ ဥက္ကုသော၊ နှုတ်ဖျားချွန်ချွန် ထုတ်အားသွန်၍ ဟိန်းတွန်ရိုက်ဟီး သိန်းပွန်ကြီးသည်။ အာဟာသိ၊မြင့်မား

ရှိမှောင် တိမ်မိုးခေါင်သို့ ချီဆောင်ယူသွား ခဲ့လေပြီ၊ ဗုဒ္ဓတရဋ္ဌ၊ ခြေကိုဆန့်စင်း မြေ့မှာနင်း၍ သွားဆင်းနိုင်ပြီး အသားအကြီးကိုလည်း။ သောတော၊ တပေါ့ပေါ့ ထုတ် သောသောရုတ်မှု ဇလုပ်နှစ်ဝင်းမြစ်ရေယဉ်သည်။ ဝဟိ၊ ရစ်ခါ ထောင်းထောင်း နစ်ခါစောင်း၍ အလောင်းကိုမျှမမြင်ရအောင်ဆွဲချဆောင်ယူသွားခဲ့လေပြီ။ သာဟံ၊ ထိုသား,လင်သုံးယောက် သေဆုံးပျောက်၍ တယောက်တည်းသာ ငါပဋာစာသည်။ သောကာသမံပိတာ၊ သောက မီးလုံး ပြီးမဆုံးအောင် တဟုန်းဟုန်းထ အုံလုံးကြွသည် ဖြစ်၍။ သဝတ္ထိနဂရံ၊ မိခင် ဖခင် ကျေးဇူးရှင်တို့ ပျော်ရွှင် ခိုမှီးသာဝတ္ထိမြို့ကြီးသို့။ ဂစ္ဆာ၊ အော်ကာ မြည်တမ်း မြေ့ခါမှန်း၍ စခန်းတဖန် ချီလှမ်းပြန် သည့် ရှိသော်။ မတော၊ ရှေးကံကြောင်းရင်း မကောင်းခြင်း ကြောင့် ပေါင်းသင်းတိုက်ဆို သေကြကုန်သော်။ ဆဇနေ၊ လင် သား, မောင်ပါ မွေးမာတာနှင့် ပိတာဘာဘွား ခြောက် ယောက်သားတို့သည်။ အသော့သိ၊ အလောင်းခြင်းထွေး ပေါင်းစုဝေး၍ ပူရေးတဖန်ကြားရပြန်၏။

အဲဒီအခါမှစ၍ ရူးသွတ်ခြင်းသို့ရောက်ခါ ဗျာပါ သူလူး ချာချာရူးပြီးနေသော မပဋာစာသည် တနေ့သ၌ ဘုရားကျောင်းတော်သို့ ဆိုက် ဆိုက် မြိုက် မြိုက် ကြီး ရူးစိုက်သွားလေ၏။ ဘုရားသခင်သည် ပရိသတ်လေးပါး တရားဟောနေဆဲ ဖြစ်၍ တရားနာ ပရိသတ်တို့သည် အရူးမ မပဋာစာ ဒိမလာနှင့်ဟု ချောက်ကြ, မောင်းကြ

ဝေါက်ငန်း ရိုက်ပုတ်ကြပြီး နှင်သောအခါ ဘုရားရှင်သည် ဓမ္မပလ္လင်ပေါ်မှနေ၍ ဟဲ့........ဟဲ့........မချောက်နှင့် မဝေါက်နှင့် အသာနေ လာပါစေလို့ မိန့်တော်မူတော့မှ ပရိသာတ်အစွန်းမှနေ၍ တရားနာရ၏။

\+ \+ \+ \+

တဒါကိဿစ၊ ပဏ္ဍုစ၊ အနာထာဒိနမာနသာ။
ဇူဇတာ တတော၊ ဂမန္တိ ဟံ၊ အဒဿံနရသာရထိံ။

တဒါ၊ ထိုသားလင်မယောင်ပါမိမာတာနှင့် ပိတာမွေးဖသေပျောက်ကြသောခါ၌။အနာထာ ဒိနမနသာ၊ နွမ်းပါးချို့ငဲ့ ကိုးစားမဲ့၍ ချိနဲ့နွမ်းမှိတ်အားနွဲ့သော စိတ်ဖြင့်။ ကိဿစ၊ သွေးသံမညီ ပုံမပီအောင် ကြုံလှီသောကိုယ်ရှိသည်ဖြစ်၍၄င်း။ဇူဇတာတတော၊ တရွာမှဖဲ တရွာလဲ၍ အမြဲမတည်ထိုမှဤမှ။ဂမန္တိ၊ မရှိအဝတ်သတိလွတ်လျက် ယွင်းချွတ်တာရှည် လှည့်ပါတ်၍နေသော။အဟံ၊သောကဟုန်တောက် သွေးသံနောက်၍ ရှက်ကြောက်ကင်းကွာငါ ပဋာသည်။ နရသာရထိံ၊ လူတို့ထိပ်ဦးရထားမှူး ဖြစ်တော်မူသော မြတ်စွာဘုရားကို။ အဒဿံ၊ ကြမ္မာဝဋ်ကြီး ကျွတ်ချိန်နီး၍ ခရီးကြုံပေ ဖူးမြင်ရလေပြီ။

အဲဒါလိုတရားနာရသောအခါသတိရပြီး အရူးအဖြစ်မမြဲဘဲ အဝတ်ကျွတ်ပွဲဝင်၍ ပဋာစာရီဘိက္ခုနီထေရ်ရှိ မကြီး ရယ်လို့ သာသနာတော်မှာ ကျော်စောလေသတည်း။

ပဋ္ဌာစာရီချောင်းလေးမှာ အပန်းဖြေရိပ်သာအနေနှင့် ခေတ္တနားရင်း နာရီဝက်မျှ တရားသွင်းထုံကြပြီး မပဋ္ဌာဖြစ်ပုံကို လွမ်းဟုန်နှင့်ခွဲခဲ့၍ ဇေတဝန် မြနန်း ဘက် သို့ လှည့်ခါပြန်ပြီး ကားပေါ်သို့တက်ကြပါတော့သည်။

\+ \+ \+ \+

ကောသလတိုင်း၊ ခွန့်လှိုင်းယူရာ၊
သာဝတ္ထိမြို့၊ လူတို့ပြည့်ရွာ၊
လွန်ပင်ထင်ရှား၊ ဘုရားဆယ်ခါ၊
သီတင်းသုံး၊ နှစ်လုံးပျော်မွေ့ရာ။

ဇေတဝန်ကျောင်း၊ ခမ်းပေါင်းထောင်ကျော်၊
မြင်သူလူနတ်၊ နှုးညွတ်ကြည်ပျော်၊
ယိုကာရွှင်း၍၊ မြက်ခင်းအုပ်သော်၊
နှစ်လုံးထဲ၊ လှိုက်လှဲရှိုက်ရှိုက်ပေါ်။

သခ်ါရမို့၊ ရွှင်းချို့ပျက်ပြန်၊
ဘုရားသော်မှ၊ ကြုံရကေန်၊
တရားပြလို့၊ ဆုံးမတန်တန်၊
ညွတ်ခါဖူး၊ ကြည်နူးဇောစိတ်သန်။

စေတီတော်မြတ်၊ ထူးရပ်ထွေထွေ၊
လှည့်ခါပတ်လို့၊ နှံ့စပ်မသွေ၊
ကြည်ညွတ်နူးလို့၊ ဖူးဘို့စိတ်တွေ၊
ဖူးပြန်ရင်း၊ ဖူးရင်းတိုးလို့ဝေ။

သာဝတ္ထိမြို့သစ်ခေါ် ဘာလံပူရ်မှ သဲကဲသာနဂိုရ်သို့ သွားရန် ဇွန်လ (၉) ရက်နေ့နံနက် (၆) နာရီမိနစ်ရထားစီး၍ လက်ခနောင်းသို့ တနာရီခွဲ ရောက်သော် မြို့ထဲသို့လှည့်

ပတ်ကြပြီး ၎င်းမှကွန်ပိုသို့ မီးရထားစီး၍ ၎င်းဘူတာမှ ရထားပြောင်းပြီး ပလူကာဘတ်သို့ လိုက်ကြရပါသည်၊ ၎င်းမှသက်သသွားရန် ပတ်ခနာဘူတာလေးသို့ ဆင်းရပါသည်။

၎င်းဘူတာမှ ရေမိုးချိုးပြီး ဘုရားဖူးများအတွက် သီးသန့်ထားသော ပြည့်တော်သာကားကြီးဖြင့် ၅-မိုင် သာသာဝေးသော သက်သသို့သွားကြပါသည်။ အထူး ကြည့်နူးတွယ်ရာမှာ အခြားနေရာများထက် ကြေးငှက်သာရကာ တွံသံသာ၍ ဥဒေါင်းတွေပေါများပြီး က,ချန် မြူးထူး တောစပ်ဦး၌ သဘာဝကျကျ အပျော်ကျူးနေကြ တာတွေကို တွေ့မြင်ရပေ၏။

ကျွန်ုပ် တို့ ကား ဆိုက် ရပ် လိုက် ရာ ဈေး ဦး စွာ နာဂဆာရူးခေါ်သော အစေလက ဘုန်းကြီးနှစ်ယောက် အဝတ်မပါ၊ ခြုံလွှာမကပ်၊ မတ်တပ်ရပ်၍၊ ရေချိုးနေတာ တွေ့ရ၏၊ (ဒီနေရာတွင်မဟုတ်သေး ဗါရာဏသီနှင့် ရာမ လက္ခဏာမွေးဖွါးရာ အရုတ်တရမြို့မှာ တသောင်းကျော်မျှ ရှိသေး၏) မြင်ရသူပင် စိတ်မရွှင်နိုင်အောင်ရှိတော့သည် ၎င်းရေတွင်းနား၌ အမြီးမပါ၊ အစွယ်မရှိ၊ ဆင်ဟတ္ထိတို့၊ ဝပ်လျက်ဟန်မျိုး၊ ကျောက်ထီးမိုးလျက် တွေ့ခဲ့ရ၏။

စောင်းတန်းဦးစိုက်ရာ သီရိဓမ္မာသောက မင်း ကြီး တည်ထားတဲ့စေတီပျက်ပေါ်တိုက်အထဲတွင် ဂျိမ်းဘုရား တဆူရှိ၏၊ နာဂဆာရူးများ ကိုးကွယ်ကြဟန်တူသည်၊

အင်္ဂလိပ်လို၊ ကုလားလို၊ သီဟိုဠ်လို ရေးထားသော စာများလည်း ဖူးတွေ့ခဲ့ရသော ဌာနတိုင်းတွင်ရှိ၏။

အချိန်မှာနံနက်(၇)နာရီလောက်ဖြစ်ပြီး နေရောင်ခြည်လေးသည်မြူလွှင်အုံ့ဆိုင်း မှိုင်း၍နေသောကြောင့် ဘုရားဖူးများသည် အထူးကြည်နူးစွာ သဒ္ဓါပွါးကြ၏။

\+ \+ \+ \+

## စောင်းတန်းသုံးတန် သိကြားဖန်၊ လူ့ထံရှင်တော်ကြွ။

စောင်းတန်းဦးဘုရားဖူးပြီး တပေါလုံ ဝေးကွာသော ရှင်သာရိပုတ္တရာ ကျောင်းနေရာသို့ သွား သော အခါ ဘုရားဖူးများက သက်သသသို့ ဘယ်အခါ ဘုရားကြွပါ သလဲလို့မေးလျှောက်ထား၍ ကျုပ်တို့ဘုရားသည် သံတွာမဝါ၊ ဝတိံသာ ဆိုတဲ့အတိုင်း ကျုန်ုပ်တို့တွေ့ခဲ့ကြတဲ့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းအနီး သရက်ပြူ ကန်းမှ နေ ၍ တက်ကြွသွားကာ ဝါတွင်းသုံးလ နတ်ပြည်၌ဝါဆိုတော်မူပြီး သီ တင်း ကျွတ် လ ပြည့်နေ့ မဟာပဝါရဏာပွဲမှီ ကြွမည်ကို သိကြားမင်းသိ၍ရွှေမြင်းမိုရ်တောင်တော်ထိပ် တာဝတိံသာနတ်မြို့တံခါးကြီးမှနေ၍ လူ့ပြည်၊ ကျွန်ုပ်တို့ ရောက်နေကြတဲ့ သက်သနဂိုရ်မြို့ကြီးအထိ စောင်းတန်း သုံးခုဖန်ဆင်းပြုတယ်။

မဈေးမဏိမယံသောပါနံ၊ အလယ် တည့်တည့်က ပတ္တမြား စောင်း တန်း ကြီး တဲ့၊ အ တု လ ထွန်း ထား

မြတ်ဘုရားအတွက် သီခြားထားတာ ဆိုကိုး။ ဒက္ခိဏာ ပဿေသု သုဝဏ္ဏမယံသောပါနံ၊ လက်ျာဘက်က ရွှေစောင်းတန်း၊ နတ်သ္မီး, နတ်သား လိုက်ရန် တဲ့။ ဝါမပဿေရဇတမယံသောပါနံ၊ လက်ဝဲဘက်ကတော့ ငွေစောင်းတန်း၊မဟာဗြဟ္မာကြီးတွေ ထီးဖြူမိုး၍လိုက်ပို့ကြရန်ဆိုကိုး၊အဲဒီအခါမှာ တလောကလုံးကို ထင်ရှားပွင့်လင်းစေတဲ့။ လောကဝိဝရဏ တံခိုးတော်ကြောင့် မိုးပေါ်ကြည့်လိုက်လျှင် ဘဝဂ်အထိ တလက်လက်တဝင်းဝင်း နတ်ပရိသတ်၊ ဗြဟ္မာပရိသတ်၊ ဆင်းရပုံတွေ မြင်ကြရတယ်၊ အောက်ကြည့်လျှင်လည်း မဟာအဝီစိငရဲကြီး အထိမြင်ရတယ်၊ လူက ကြည့်လဲ နတ်တွေမြင်၊ နတ်က ကြည့်လဲလူတွေမြင်၊ ရွှင်ရွှင်ပျပျသောမနသကြည်အိပြီး ဓမ္မပီတိကြီး ပွါးနေကြတယ်ဆိုကိုး။

× × × ×

ပဥ္စသိခ နတ်မောင်လှ၊
သာဓွာ နတ်စောင်းသံ။

ပဥ္စသိခ နတ်သားက လဲ အနွဲ့အနှဲ့ တသွဲ့သွဲ့ နှင့် သာသာကလေး လက်သံညှိပြီး နားပီတိအကြည်ကြော လျှပ်လောက် အောင် အာ ဟုတ် အ ဟတ် ဗေ လု ဝ ပေါင်းတော်ကို တီးခတ်လို့ လိုက်လာသတဲ့၊ အတုမရှိတဲ့ အခြံအရံ အတုမရှိတဲ့ ကြက်သရေတော်များကို ဖူးမျှော် လို့မဆုံး ဘယ်တုန်းကမှ သို့ကလောက် တင့်တယ်

တော်မူပုံများကို မမြင်ဘူး၊ မတွေ့ဘူး၊ မကြားဘူး၊ မဖူးမျှော်ဘူးပါဘုရားလို့........။

× × × ×

နမေဒိဋ္ဌော၊ ဍူဒတာပုဗ္ဗေ၊
နသုတော၊ ဥဒကာသာဝိ၊
ဝေ၀ဂ္ဂု၊ ဂတောသတ္ထာ၊
တုသိတာ၊ ဂဏိမာဂတော။

လို့ (ဓမ္မပဒအဋ္ဌကထာ)မှာ ပညာ တော်ဒက် သခင် အရှင်သာရိပုတ္တရာ ရွတ်ဆိုချီးကျူးပုံကိုဖွင့်ထား၏။

ဝေ၀ဂ္ဂုဂတော၊ ဤကဲ့သို့အတုမရှိသော ကြွက်သရေတော်တို့ဖြင့် တွက်ပေါ်ကြွဆင်းတော်မူသော။ သတ္ထာ၊ အတု မ ရှိ သော မြတ်စွာဘုရားကို။ ဍူတော၊ ဤအခါကာလမှ။ ပုဗ္ဗေ၊ ရှေးရှေးသောကာလ၌။ မေါဘုရားတပည့်တော်သည်။ နဒိဋ္ဌော၊ မ မြင် ဘူး ခဲ့ ပါ အ ရှင် ဘုရား။ နသုတော၊ မြင်သည့်ကိုထား ကြားလည်းမကြားခဲ့ဘူးပါဘုရား။တုသိတာ၊လူ၊နတ်၊ဗြဟ္မာ၊ သတ္တဝါ တို့ များ စွာ နှစ်ထောင်း စုပေါင်း နှစ်သက် စေ နိုင် သော။ ဂဏိမာ၊ လူအပေါင်း၊ နတ် အ ပေါင်း၊ ဗြဟ္မာ အ ပေါင်း တို့ ၏ ဦးခေါင်းသွတ်ရာ ခြောက်ဖြာဘုန်းရှိန် စောမှိန်သည်။ အာဂတော၊ ကြွသာတော်မူခဲ့လေသည်တကား။ (ဝါ) မြိုးမြိုးပြက်ပြက် ရောင်ခြည်းယှက်၍ လက် ခါ လင်း ခါ တဝင်းဝင်းဝါလို့မို့ဆင်းလာ ကြွလာတော်မူခဲ့လေသည်

တကား.....ဟု သွားရင်း ဖူးရင်း ဘုရားဆင်းပုံပြော၍ ရှင်သာရိပုတ္တရာ တိုက်တော်ရာများ လှည့်ပတ်ကြည့်ရှုပြီး ပတ်ခနာဘူတာသို့ ပြန်ခဲ့ပါတော့သည်။

× × × ×

## သဒ္ဓါကြူကြူ အာရုံယူ၍၊ ဆူဆူဘုရား ဖူးပြီးပြေးသော်။

ပတ်ခနာမှ တနာရီမီးရထားဖြင့်(အာဂရာ)သို့ (၆)နာရီ ရောက်ရှိ၍ စတေရှင်တွင်ညအိပ်ပြီး နံနက်(အာဂရာ)မြို့ရှိ (မြို့)နှင့် (တပ်ချိမဟာ) များသို့ သွား ရောက်ကြည့် ရှုပါသည်။

၎င်းအဆောက် အဦးကြီး များ သည် ကမ္ဘာ ကျော် သည့်အထဲတွင် တခုအပါအဝင်ဖြစ်၏။ ရာဇဝင် နှင့် ထူးဆန်း အံ့ဩဘွယ်ရာများကို ရေး သင့် သော် လည်း ရှည်လျား လှ၍ မဖော်ပြနိုင် ခြင်းကို စာရေးသူသည် ဝမ်းနည်းပါ၏။

သို့ပေမဲ့ အတိုချုပ်ဖြင့် (မြို့) ခေါ် (ရဲတိုက်) (ဝါ) နန်းတော်ကြီးကို စိုးပိုင်သော (မဂိုရ်ရီးရှား) ဘုရင်သည် တိုင်း ပြည် ရေး ထက် ဝမ်း ရေး ခက်၊ ဝမ်းရေးထက် လွမ်းရေးခက် ဆိုသလို၊ သူ့ရဲ့ချစ်ရီ လှမျက်ကြည် ဒေဝီ ထိပ်တင်မှာ ရုတ်တရက် လိပ်ပျာစင်၍ ဘုရင်ကြီးမှာ ရင်တွင်း ဆူ ကြက်ပြီး ရှူး မ လောက် ဗိတ် ဇော ဖြင့် မိန်းမော၍ ကျန်ရစ်တော့တယ်။ သူ့မိဖုရားကလဲ မဂို(ရ်)

သူ လေးဆို တော့ တယ် လှ တာ ကိုး၊ မေ့မယ် ဆိုလဲ မေ့လောက်တယ်၊ စာထဲမှာတောင်။ မဂုဏ်၊ မဂို(ရ်)သူ တို့သည်။ အဘိရူပတရာ၊ အလွန် အဆင်း လှ၏–ဟု တွေ့ဘူးတယ်။

ဪ........ချစ်တင်းနှီးနှော တသောသောနှင့် ပြုံးရယ် နေစဲ ဖြုံးကနဲ ကွေ့ကွင်း၍ သေ မင်း၏ နောက်သို့ ကောက် ကောက် ပါ အောင် လိုက်ပါသွားလေတော့ ဘုရင်ကြီးခမျာမှာ အသဲဦးစောက် ပြောင်းပြန်မှောက်ခါ တွန်းကန်ပြီး ရှုမ်းပြန်သွားမှာဘဲနော်။

တဖန် ကြွင်းကျန်ခဲ့သောအလောင်းကိုတော့ (ဥပမိ) ဒေဝီ လိုထားသည်။ လုပ်သားပေါင်း တသိန်းကျော်နှင့် တဆယ်ငါးနှစ်ဆောက်လုပ်ရသော ကျောက်ဗိမာန်ကြီး ဖြင့် ထားတယ်။

၎င်းဗိမာန်ကြီးသည်(မို့)ခေါ်နန်းတော်နှင့်တဖာလုံခွဲမျှ ဝေးကွာပါသည်။ ဘုရင်ကြီးသည် ၎င်းဗိမာန်ကြီးကို သူ ၏ နန်း တော် ဆောင် မှ နေ့ စဉ် ပင် လှမ်း မျှော် ၍ ကြည့်ကြည့်ပြီး မချိသော နှလုံးဖြင့် လွမ်း ဆွတ် သော ရောဂါဖိုးကာ၊ ကြိမ်မီးအုံးသကဲ့သို့၊ အသဲနှလုံးကို ထိပါး တောက်ပြီး မိဖုရားနောက်သို့ကောက်ကောက်ပါအောင် လိုက်ရရှာတယ်တဲ့။

ခုခါမှာ သာ ယာ ပြန့် ကြယ် သော {တပ်ချိမဟာ} ကျောက်နန်း လှိုင်ဂူထဲတွင် မင်း, မိဖုရား ယှဉ်လျက် ထား ပုံ တင့် ဆန်း၊ ကျောက် ပန်း ကျောက် ခက်၊

ကျောက်တက် ယိုးဒယားတို့ဖြင့် အမျိုးမျိုး ခြယ် လှယ် ထားတာ တွေ့ခဲ့ရ၏၊ အထူးမအံ့ဩဘဲ မနေနိုင်တော့ပေ။

× × × ×

## တပ် ချီ မ ဟာ အာ ဂ ရာ မှ၊
## ရှုကာဆန်းထူး နယူးဒေလီကူး။

(အာဂရာ)မှ ဇွန်လ (၁၂)ရက်နေ့ည (၇)နာရီ ဒေလီ ပရက်[စ်]ခေါ် စာပို့မီးရထားစီးပြီး နယူးဒေလီသို့သွားကြရာ နံနက်(၆)နာရီခွဲ အိုးဒေလီဘူတာရုံကြီးမှဆင်းပြီး တိုင်စီကားဖြင့် နယူးဒေလီရှိ မဟာဗောဓိ အသင်းတိုက်သို့ တည်းခိုကြပါသည်။ကျုပ်တို့သွားစဉ်က နေသည် အလွန်ပူပြင်းသဖြင့် ကြာကြာမနေနိုင်ကြပါ။ နယူးဒေလီ ရှိ ဗမာသံရုံး အကူ ညီ ဖြင့် မိုဂေါ်ရဲ တိုက် နန်း တော်၊ မဟာတ္တမဂန္ဒီကြီးသင်းချိုင်း၊ မျှော်စင်၊ လေယာဉ်ပျံကွင်း၊ ဈေး၊နေ့,လ,နက္ခတ်တို့ကို တိုင်းတာသော အာဂရန် ခေါ် ပြတိုက် အစရှိသည့်တို့ကို လှည့်ပတ်ကြည့်ရှုပြီး အာဂျန္တာ ဆံ၍၊ ရှင်သာရိပုတ္တရာ စေတီ တော် ကို ဖူး၍ ဘုံဘေသို့ သွားကြပါသည်။

ဘုံဘေမြို့ကြီးသည် ပင်လယ်ကမ်းနဖူးမှာရှိ ပင်လယ် လှိုင်းနှင့်တိုက်တန်း အရောင်ခြင်းသန်းပြီး အလွန့်ကြည့်ရှုလို့ ပကောာ့ရလှ၏။ ထူးဆန်းသော ပန်းခြံ၊ ငါး၊ မြူစီရုံတို့နှင့် ဟော်တယ်ကြီးများလည်း ခံ့ငြား သားနားလှ၏၊ ၎င်း ဟော်တယ်၌ ကွမ်းတယာကိုငွေ(၁၀၀)တိတိပေးရသော

ကွမ်းယာများပင်ရှိ၏ဟု ပြောပါသည်။ ၎င်းမှ မဒရပ်သို့ လှည့်ခါ နယူးဒေလီသို့ ပြန်ခဲ့ပါ၏။

ဇွန်လ (၁၄)ရက်နေ့ နယူးဒေလီ ဗမာသံရုံးမှနေ၍ မြန်မာပြည်သူ ပြည်သား ဆရာတပည့်များ ကျန်းမာ ချမ်းသာကြပါစေလို့ အသံလွှင့်ပြီး မရပ်မနားမာန်သွင်၍ ထန်ပြင်းစွာချတ်မောင်းသော်လည်း နှစ်ညနှစ်ရက်ကြား မှ ကာလကတ္တား ဟာဝရာ ဘူတာကြီးသို့ရောက်ပါ၏။

အိန္ဒိယတခွင် ပြဲပြဲစင်လှည့်ပါတ်၍ ဖူးသင့် ဖူးထိုက် သော ဘုရားပုထိုးအမျိုးမျိုးတို့ကို အားရအောင် ဝအောင် ဖူးမျှော်ပြီး ကာလကတ္တားမြို့မှာ (၁၅) ရက်မျှ သင်္ဘော စောင့်ရင်း မြို့အတွင်းသို့ကြည့်ရှု အနားယူပြီးမှ ဇူလိုင်လ (၂)ရက်နေ့တွင် သင်္ဘောဆင်းခါ (၃)ရက်နေ့ထွက်ခဲ့၍ ဇူလိုင်လ(၆)ရက်နေ့ (၁၁)နာရီ ရန်ကုန်မြို့ဆိပ်ကမ်းသို့ ရောက်ရှိပါသည်။

သင်္ဘောမှ ဆင်းသောအခါ ကူလီခပေးရန် ပိုက်ဆံ အိတ် ကြည့်တော့ အိန္ဒိယပိုက်ဆံလဲမပါ၊ ဗမာပိုက်ဆံလဲ မရှိ တခါတော့ခက်ရချည့်ဟု မျက်စိကလယ်ကလယ်နှင့် ဟိုဟိုဒီဒီကြည့်နေစဉ်တွင် မိဘအသွင်ကျေးဇူးရှင်ဖြစ်သော ဦးဆင့်-ဒေါ်သန်းတို့ ကားနှင့်ဆီးကြိုနေတာ တွေ့မြင်ရမှ ရင်ထဲကအလုံး ပြုံးဆိုကျခါ ဇောစိတ်လျှော့ပြေ အမော ပြေ၍ အောင်မြေနင်းလေတော့သည်။

\+ + + +

ဆုတောင်းမိန့်ချွေ၊
မေတ္တာ ဝေလျက်။

လမ်းညွှန်ရှုဆင်၊ ပါရမီရှင်တို့၊လေးအင် ပါယ်ရှောင်၊ မြဲနန်းဆောင်ဝယ်၊ စိန် ကြောင်နီလာ၊ ပုလဲမှာနှင့်၊ သန္တာဘော် မျိုး၊ ငွေရောင်ဖြိုးဆင့်၊ ရွှေကြိုးမြချယ်၊ လှသက်လယ်တို့၊ ရလွယ်ဝတ်စား၊ ဆထက် ပွားပြီး၊ ဘုရားမမေ့၊ တရားတွေ့လျက်၊ ယနေ့နက်ဖန်၊ မဂ်သန္တာန်ကို၊ ထက်သန် စိတ်ဇော၊ ရောက်စေသော်........။

\+ \+ \+ \+

# ဂယာကပွေါ်နိဋ္ဌိတော။

ဂယာကပွေါ်၊ ဂယာလမ်းညွှန် တရား စဉ်သည်။နိဋ္ဌိတော၊နှစ်ထောင့်ငါးရာတိတိ သိတ်သီးရေးခါ၊


★ ပြီးပြီ။ ★

## မြတ်ထွန်ရှင်သခင် ဝါဆိုစဉ်ကို၊
## သဒ္ဓါကြည်မြ ရွတ်ဆိုကြဘို့။

သုံးလူသခင်၊ ငါးမာရ်သင်၍၊ ပလ္လင်ပတ်ရံ၊ သတ္တဌာန်ငယ်၊ သတ္တဟံဘွဲ့၊ စမ္ပါယ်ခဲ့ပြီး၊ တဆဲ့ရှစ်ယူဇနားထိုမှကွာသည်၊ ဗရာနဂရ၊ မိဂဒါဝုန်၊ နန္ဒိယဝိဟာ၊ ပဌမဝါတည်း ၅-တိ-ဇယ၊ ရာဇဂဟံ၊ ဝေဠုဝန်ပျော်၊ ငါးသော်ဝေသာလီ၊ လိစ္ဆဝီဝိဟာ၊ ဆဝါမကုဋ္ဌ၊ သတ္တမဝတိံသာ၊ အဋ္ဌာဘဂ္ဂ၊ နဝမကောသမ္ဗိ၊ ဆသာသိရွှေတုံ၊ ရဂုံပလလေယျ၊ ဒသမတည့်၊ နာဠုပုဏ္ဏားရွာ၊ ကောဒသည့်၊ ဝေရန်ဗာရ(သ်)၊ တောင်မြတ်စာလီယ၊ ဧတရသတည့်၊ စုဒ္ဒသဝါ၊ သာဝတ်တောင် စွန်၊ ဇေတဝန်စံမှီ၊ ကပိပန္နရယ်၊ ကျောင်းမြတ်နိဂြော၊ သောဠသမိ၊ အာဠဝီတည့်၊ ဂိဇ္ဈဇ၊ သတ္တရသာ၊ ဆဲ့ရှစ်ဝါနှင့်၊ နဝဒါသ၊ စာလီယကပ်ဆို၊ ရာဇဂြိုဟ်ဝီသ၊ ဤထိုမျှကား၊ ပထမဗောဓိ၊ အနိမာတ်ဝါ၊ နောင်လာတွတ်ဘွဲ့၊ နှစ်ဆဲလေးတန်၊ ဇေတဝန်ပုဗ္ဗာ၊ လှည့်လည်ကာဖြင့်၊ ခေမာနီးသော်၊ ရွာကြီးဝေဠုဝ၊ ဝါတော်မျှ၍၊ ပဥ္စစတ္တာလီ၊ အသီတျာယု၊ တိုင်သမှုဖြင့်၊ ဤလူ့သက္ကရာဇ်၊ အင်္ဂ၊ ဇော၊ ကော်၌၊ နှစ်သစ်ကဆုန်၊ ပုဏ္ဏမိစေ့၊ အင်္ဂါနေ့တွင်၊ နိဗ္ဗာန်ဝင်သား၊ ရှင်ဘုရားကို၊ ညွတ်တွားဝန္ဒနာ၊ ပူဇော်ပါ၏။

---

ဂျာပန်ပြည်မှအပြန်……ထုတ်ဝေမည့်
ရှိုကိုမာရီခေါ်……
"မြို့ထက်မြို့"
စာအုပ်ကိုမျှော်ပါ……



ဆံချီ ဘုရား ပုံတော်။

# တည်းခိုရန်မြန်မာကျောင်းများ။

## ဘုန်းတော်ကြီးများက

## ကိစ္စအဝဝကို-မဆင်းရဲရအောင်-စီစဥ်ပေးပါသည်။

၁။ ။ဦးပညာသိရီ—ဘုန်းတော်ကြီး။
မြန်မာ ဓမ္မသာလာဇရပ်ကြီး။
နံပါတ် (၁၀—ဇေ) အိဒင်ဆေးရုံလမ်း။

\+ + + +

၂။ ။ဦးဥတ္တမ ဘုန်းတော်ကြီး။
မြန်မာကျောင်းတိုက်။
ဗုဒ္ဓဂယာ—မဟာဗောဓိပင်-ဂယာခရိုင်-အိန္ဒိယ။

\+ + + +

၃။ ။ဦးဇယန္တ—ဘုန်းတော်ကြီး။
မြန်မာကျောင်းတိုက်။
ရာဇဂြိုဟ်မြို့ ပါဋလိပုတ်ပြည် မာဂဓတိုင်း-အိန္ဒိယ။

\+ + + +

၄။ ။ဦးစန္ဒိမာ—ဘုန်းတော်ကြီး။
မြန်မာကျောင်းတိုက်။
အမှတ် -စီ—၂၁ (၁) စီ မာလ်ဒီယား

\+ + + +

၅။ ဦးကိတ္တိမ ဘုန်းတော်ကြီး။
မြန်မာကျောင်းတိုက်။
အမှတ် ဒီ ၆၄—၁၃၅ ဝိဒယာပိသ်လမ်း
ဗာရာဏသီမြို့။

\+ + + +

၁။ ၄။ဦးနန္ဒဝံသ-ဘုန်းတော်ကြီး။
မြန်မာကျောင်းတိုက်။
အမှတ် အ က်(စ်) ၁၇-၃၃၀ မာလာဒီယာ
ဗာရာဏသီမြို့။

\+ + + +

၅။ ။ဦးစန္ဒာမုဏိ တုန်းတော်ကြီး။
မြန်မာကျောင်းတိုက်။
ကုသိနာရုံ ဒိုးရီးယားခရိုင်။
ယူ–ပီ အိန္ဒိယ။

\+ + + +

၆။ ။ဦးအာဇဝ ဘုန်းတော်ကြီး။
မြန်မာကျောင်းတိုက်
သာဝတ္ထိ မြို့သစ် ဗာလာရာမ်ပူရ်မြို့စာတိုက်။
ဂွန်ဒါခရိုင် ယူ–ပီ အိန္ဒိယ။

\+ + + +

၇။ ။ဦးမဟိန္ဒ ဘုန်းတော်ကြီး
မြန်မာကျောင်းတိုက်။
ဇေတဝန်ကျောင်းတော်ရာ
ဘာဟာရချ်ရအိန္ဒိယ။

\+ + + +

---

**မဟာသုတ ပုံနှိပ်တိုက်၊**
ရန်ကုန်မြို့၊ အထက်ပုဇွန်တောင်၊ လှိုင်မြေ၊ အမှတ်(၂၂၂)။

ကျိတပ်ပေါ်များသူတော်

ကျမ္မာ
ချမ်းသာ
လမ်းဖြာ

U. DAMA.THAMI



မျက်နှာဖုံး နှင့် အတွင်း ရုပ်ပုံများကို

ရတနာပုံ-စာပုံနှိပ်တိုက်

၃၀၊ ဦးရွှေဂွန်းလမ်း ပုဇွန်တောင်၊ ရန်ကုန်မြို့။

တွင်၊

ရိုက်နှိပ်သည်။